မြန်မာ့အလင်း

၁၂၆၅ ခုနှစ်ကတည်းထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်၊ ၂၀၀၅ ခုနှစ်၊ စက်တင်ဘာ ၆ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၂)၊ အမှတ်(၃၃၈)

သံရည်ကျို စက်ခုတ်စားစက်ရုံများ၏ ထုတ်လုပ်သွားမည့်အလားအလာမှာ အားရဖွယ်ရာရှိ၊ မန္တ လေးစက်မှုဇုန်က စက်ပစ္စည်း အမယ်ကိုးမျိုး၊ တန်ချိန် အားဖြင့် ၁၂၀၀နီးပါးခန့်၊ မုံရွာစက်မှုဇုန်က စက်ပစ္စည်းအမယ် ၂၉ မျိုး၊ တန်ချိန်အားဖြင့် ၈၅၀ ကျော်ခန့်၊ အေးသာယာစက်မှုဇုန်က စက်ပစ္စည်း အမယ် ၄၉ မျိုး၊ တန်ချိန်အားဖြင့် ၇၈၀ ကျော်ခန့် ပထမတစ်နှစ်အတွင်း ထုတ်လုပ်သွားမည်။

အဖွင့် အမှာစကား ပြောကြား

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုး တက် ရေး ကော်မတီလုပ်ငန်း ညှိနှိုင်း အစည်းအဝေး အမှတ်စဉ် (၃/၂၀၀၅) သို့ တက် ရောက် ၍ အဖွင့် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

မန္တလေး၊မုံရွာနှင့် အေးသာယာ(တောင်ကြီး)စက်မှုဇုန်သုံးဇုန် ခေတ်မီသံထည်ပစ္စည်းများထုတ်လုပ်နိုင် ခေတ်မီ သံနှင့်သံထည်ပစ္စည်းကိုင်တွယ်မှုလုပ်ငန်း အခြေခံကျကျရင်းနှီးထူထောင်နိုင်မှု နိုင်ငံတော်ဖွံ့ဖြိုးမှုသာမက ပုဂ္ဂလိကစက်မှုလုပ်ငန်းအတွက် တိုးတက်မှုအလှည့်အပြောင်းပြစ် သံရည်ကျို၊ပုံလောင်း၊ပုံထောင်းစက်ရုံများကြောင့် စက်မှုလယ်ယာသုံးပစ္စည်းများ ပိုမိုထုတ်လုပ်ပေးနိုင်မည်

ရန်ကုန် စက်တင်ဘာ ၅

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၃/၂၀၀၅)ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များဖြစ်ကြသည့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ရန်ကုန်မြို့တော်ဝန်၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် ဒုတိယမြို့တော်ဝန်၊ ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ စက်မှုဇုန် စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ စက်မှုလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အလှည့်အပြောင်း

ညှိနှိုင်းအစည်းအဝေးတွင် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင်

စာမျက်နှာ ၈ ကော်လံ ၁ ☆

နိုင်ငံတော်ဖွံ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
ရေးသူ ဒုနေ့စဉ်၊ စက်တင်ဘာ ၆ ရက်

ကန်တော်ကြီးသဘာဝဥယျာဉ် အဆင့်မြှင့်တင် ရှိရင်းစွဲသဘာဝအခြေခံများအပေါ် မူတည်ဆောင်ရွက်

မြန်မာနိုင်ငံ၏ မြို့တော်ဖြစ်သည့် ရန်ကုန်မြို့တော်ကို အခြားသော နိုင်ငံတကာ မြို့တော်များကဲ့သို့ သန့်ရှင်းသာယာလှပပြီး မြို့တော်၏အင်္ဂါရပ်နှင့် ညီညွတ်စေရေး အစီအမံများကို အလေးထားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မြို့တော်နေပြည်သူများနှင့် ပြည်တွင်းပြည်ပ ဧည့်သည်များ အပန်းဖြေအနားယူ လေ့လာနိုင်ရန်အတွက် နိုင်ငံတော်က ဥယျာဉ်၊ ပန်းခြံများကို တည်ဆောက်ပေးလျက်ရှိရာ ရန်ကုန်မြို့တော် ကန်တော်ကြီး သဘာဝဥယျာဉ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြှင့်တင်ရေးလုပ်ငန်းများလည်း ပါဝင်ပေသည်။

ရန်ကုန်မြို့တော် ကန်တော်ကြီးသဘာဝဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်း ညွှန်ကြားအစည်းအဝေးကို သြဂုတ်လ ၂၇ ရက်နေ့က ရန်ကုန်မြို့ ကန်တော်ကြီးဥယျာဉ်ရှိ စိုက်ပျိုးရေးပြတိုက် အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားခဲ့သည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးမှာကြားရာတွင်-

"ကန်တော်ကြီး သဘာဝဥယျာဉ်ကြီးကို ရှိရင်းစွဲ သဘာဝအခြေခံများအပေါ် အခြေခံ၍ အဆင့်မြှင့်တင် ဆောင်ရွက်နေခြင်းဖြစ်၍ မူလသဘာဝ အရင်းအမြစ်များ ယိုယွင်းမှုမရှိအောင် ထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဥယျာဉ်ကြီး အဆင့်မြှင့်တင် ဆောင်ရွက်ရာတွင် မူလရေးဆွဲထားသည့် ပုံစံများနှင့်အညီ တည်ဆောက်ပြုပြင် မွမ်းမံသွားရေးနှင့် တည်ဆောက်မွမ်းမံပြင်ဆင်ထားမှုများ ရေရှည်ခိုင်မြဲအောင် တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်သွားကြရန် လိုကြောင်း"

ပြောကြားသွားသည်။

ရန်ကုန်မြို့တော်သူ မြို့တော်သားများအပါအဝင် ပြည်တွင်းပြည်ပမှ လာရောက်လေ့လာ အပန်းဖြေသူ ဧည့်သည်များ စိတ်ချမ်းမြေ့စွာ အပန်းဖြေလေ့လာနိုင်ရန်အတွက် ကန်တော်ကြီးသဘာဝဥယျာဉ် ပတ်ဝန်းကျင်တွင် မူလ ပတ်ဝန်းကျင်သဘာဝ မယျက်ယွင်းစေဘဲ သာယာလှပသော ပတ်ဝန်းကျင်ဖြစ်ထွန်းစေရန် နိုင်ငံတော်က စနစ်တကျ စီစဉ်ဆောင်ရွက်ပေးလျက် ရှိသည်။

ကန်တော်ကြီး သဘာဝဥယျာဉ် ပတ်ဝန်းကျင်ဘက်စုံ အဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ Central Forest Zone၊ Education Zone၊ Relaxation Zone နှင့် Recreation Zone ဟူ၍ ဇုန်လေးခုနှစ် ခွဲခြားသတ်မှတ်၍ ဆောင်ရွက်ခဲ့သည်။ ယင်းသို့ဆောင်ရွက်ရာတွင် Central Forest Zone မှ လွဲ၍ ဇုန်သုံးဇုန်ကို ဖွင့်လှစ်နိုင်ခဲ့ပြီး ကျန်ရှိသောလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

Central Forest Zone တွင် ကတ္တရာလမ်းများခင်းခြင်း၊ ရှားပါးသစ်ပင်နှင့် ရာသီပန်းပင် ၁၂စမျိုး အပင်ပေါင်း ၂၈၇ပင် တိုးချဲ့ထည့်သွင်း စိုက်ပျိုးထားသည်။ Education Zone တွင် ရေချိုငါးဥယျာဉ် တည်ဆောက်ထားပြီး ငါးအမျိုးအစား ၅၂ မျိုး ကောင်ရေ ၅၅၀၀ ပြသထားသည်။ Relaxation Zone တွင် ပုဗ္ဗားတာဝါ တည်ဆောက်နေပြီး Recreation Zone ၌ ဟိုတယ်နှင့် စားသောက်ဆိုင်များ တည်ဆောက်လျက်ရှိသည်။

သို့ဖြစ်ရာ ပြည်တွင်းပြည်ပမှ ဧည့်သည်များ လာရောက်အပန်းဖြေ အနားယူလေ့လာနိုင်ရန်အတွက် တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော ကန်တော်ကြီးသဘာဝဥယျာဉ်ကြီးကို ရှိရင်းစွဲသဘာဝ အခြေခံများအပေါ် မူတည်လျက် အဆင့်မြှင့်တင် ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်း နိုကြောလမ်း အမှတ်(၄၃)နေ နှစ်ဖက်သော မိဘများအား ရည်စူး၍ ဦးသန်းမြင့်-ခေါ်သန်းသန်းဝင်း မိသားစုက စရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတ မြို့ရွှေကျောင်းတိုက် သမ္ဘာရွှေဘုရား စေတီရုံအတွက် အလှူ တော်ရွှေ ကျပ်တစ်သိန်း ဆက်ကပ်လှူဒါန်းရာ သာသနာပြု ဆရာတော်က ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်စဉ်။
(က-ပ)

စည်းကမ်းရှိ၍ ကျွမ်းကျင်သော သင်တန်းဆင်းစက်မှုလက်မှုပညာသည်များ မွေးထုတ် သင်တန်းကျောင်းကို ဒေတာနှင့်အညီ အမြဲတိုးတက်စေရေး ကြိုးဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၅

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၂ ရက် မွန်းလွဲပိုင်းက ပဲခူးတိုင်း(အနောက် ပိုင်း) ပန်းတောင်း မြို့နယ်ရှိ အမှတ်(၁)စက်နှင့်စက်ကိရိယာပစ္စည်းထုတ်လုပ်မှု စက်ရုံ(ညောင်ခြေထောက်)သို့ ရောက်ရှိပြီး စက်ကိရိယာတပ်ဆင်ရေးအလုပ်ရုံ၌ ဓာတ်မြေသြဇာစက်ရုံများ စက်ဖွဲမ်း အားမြှင့်တင်ရေးအတွက် ပုံပိုးကူညီထုတ်လုပ်ထားသည့် စက်ပစ္စည်းအစိတ်အပိုင်းများ၊ ပုံစံပြောင်းထုတ်လုပ်ထားသည့် 100 KVA နှင့် 300KVA ထရန်စဖော်မာများ၊ တီထွင်ထုတ်လုပ်ထားသည့် စက်ပစ္စည်းများကိုလည်းကောင်း၊ စက်ပစ္စည်း အစိတ်အပိုင်း ထုတ်လုပ်ရေးအလုပ်ရုံ၌ စက်ပစ္စည်းအစိတ်အပိုင်းများ စက်ဓာတ်စားထုတ်လုပ်မှုကို လည်းကောင်း၊ ကြေးရည်ကျိုနှင့် ကြေးချောင်းထုတ်လုပ်ရေး အလုပ်ရုံ၌ ကြေးချောင်းများ ထုတ်လုပ်နေမှုတို့ကိုလည်းကောင်း ကြည့်ရှု စစ်ဆေးရာ မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းမှ ညွှန်ကြားရေးမှူး(စီမံကိန်း) ဦးဝင်းတင့်နှင့် ဒုတိယအထွေထွေ မန်နေဂျာ ဦးသစ်လွင်လေးတို့က ရှင်းလင်းတင်ပြကြသည်။

မှာကြား

ထို့နောက် ဝန်ကြီးက တီထွင်ထုတ်လုပ်ထားသည့် စက်ပစ္စည်း အစိတ်အပိုင်းများကို စနစ်တကျ စမ်းသပ်စစ်ဆေးရေး၊ ကြေးသတ္တုများအသုံးပြု၍ ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ရာ၌ ကုန်ကြမ်းသုံးစွဲမှု စနစ်တကျ ရှိရေး၊ ကုန်ထုတ်လုပ်ငန်းများတွင် လျှပ်စစ်ဓာတ်အားကို လိုအပ်သရွေ့သာ အသုံးပြုရေး မှာကြားသည်။

ရှင်းလင်းတင်ပြ

ဝန်ကြီးဗိုလ်ချုပ်စောလွင်သည် စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက မြန်မာ့ လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၏ စက်မှုသင်တန်းကျောင်း (ဆင်တဲ)သို့ ရောက်ရှိရာ ရှေးဦးစွာ အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး ဦးကျော်လွင်က စက်မှုသင်တန်းကျောင်း၌ သင်ကြားပေးလျက်ရှိသည့် ဘာသာရပ်များ၊ သင်တန်းဆရာနှင့် သင်တန်းသားများ အခြေအနေ၊ လေ့ကျင့်သင်ကြားပေးသည့် စနစ်၊ စက်ရုံများ၏ ထုတ်လုပ်မှု လုပ်ငန်းများ၌ ပါဝင် ဆောင်ရွက်မှုအခြေအနေ၊ ရေအားလျှပ်စစ်တာဘိုင်စမ်းသပ်ထုတ်လုပ်မှုတွင် သံရည်ကျိုလုပ်ငန်းအတွက် Pattern များ ပြုလုပ်ပြီးစီးမှုအခြေ အနေများကို ရှင်းလင်းတင်ပြသည်။

လိုအပ်ချက်များဖြည့်ဆည်းပေး

ထို့နောက်ဝန်ကြီးက စည်းကမ်းစနစ်ရှိ၍ ကျွမ်းကျင်သော သင်တန်းဆင်း စက်မှုပညာသည်များ မွေးထုတ်ရာတွင် သင်တန်းဆရာများအနေဖြင့် စေတနာအပြည့်အဝဖြင့် ကြိုးပမ်းသင်ကြားပေးရေး၊ သင်တန်းကျောင်းကို ဒေတာနှင့်အညီ အမြဲတိုးတက်စေရန် ကြံဆပြောင်းလဲဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားပြီး သင်တန်းသားများ အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ယင်းနောက်ဝန်ကြီးသည် သင်တန်းခန်းများ အတွင်း သင်တန်းသားများ၏ လက်တွေ့သင်ယူ လေ့ကျင့်မှုများကို လည်းကောင်း၊ သင်တန်းသား စားရိပ်သာကိုလည်း ကောင်း ကြည့်ရှုစစ်ဆေးပြီး စားရိပ်သာ သန့်ရှင်းသပ်ရပ်ရေး၊ သင်တန်းသားများ အလွယ်တကူဝယ်နိုင်ရန်အတွက် စာရေးကိရိယာများနှင့် လူ သုံးကုန်ပစ္စည်းများကို ကျောင်းတွင်း ဆိုင်ဖွင့်လှစ် ရောင်းချရေးတို့ကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆွမ်းလောင်းပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၅

ညောင်ဦးမြို့နယ် စဉ်ကူမြို့ မြို့ကုန်း ရပ်ကွက်ရှိ သမိုင်းဝင်ရေးဟောင်း ဓိန္တာမုနိစေတီတော်မြတ်ကြီး၏ ထာဝသလင်းလဆန်း ရက်၄ နှစ်စဉ်ကျင်းပမြဲ ဗုဒ္ဓပူဇနီယပွဲတော်၌ ဗုဒ္ဓပူဇနီယဆီမီး ၉၉၀၀အဖွဲ့(အင်းစိန်)က ကြီးမှူးပြု ပင့်သံဃာ ၃၀၂၀၂၀၁၊ သီလရှင် ၁၃၀၁ အား ဆွမ်းဆန်စိမ်း၊ တိုင်းရင်းဆေးများ၊ သက်နံ့၊ ထီး၊ ဖိနပ်နှင့် လူဖွယ်ဝတ္ထု ပစ္စည်းများ၊ ဆွမ်း၊ ဆွမ်းဟင်းများ လောင်းလှူပြီး ဆီမီး၊ နံ့သာ ၉၉၀၀စီ ကပ်လှူပွဲ၊ ဆွမ်း၊ ရေချမ်း၊ သကြားလုံး ၉၉၀၀စီ ကပ်လှူပွဲနှင့် စတုဒီသာဂျွေးပွဲကို စက်တင်ဘာ ၉ရက်၊ ၁၀ ရက်များတွင် အဆိုပါ ဘုရားကြီးရင်ပြင်၌ ကျင်းပ မည်ဖြစ်ကြောင်းသိရသည်။

(က-ပ)

မြတ်ရုပ်မြင်သံကြား

၆-၉-၂၀၀၅(အင်္ဂါနေ့)

နံနက်ပိုင်း

ဂ:၀၀ ၁။ မြတ်ဗီအဖွင့်
ဂ:၀၅ ၂။ အဖွင့်သီချင်း
ဂ:၁၀ ၃။ မျိုးချစ်တပ်မတော်
ဂ:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
ဂ:၃၀ ၅။ မြန်မာသံစဉ်ချိန်ကာဝင်
ဂ:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
ဂ:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
ဂ:၅၅ ၈။ ဖြတ်ရိုးကုန်
ဂ:၅၈ ၉။ ကလေးတေးသီချင်း
ဂ:ခ၀ ၁၀။ ရုပသုခ
ဂ:ခ၅ ၁၁။ ကျန်းမာသုခ
ဂ:ခ၈ ၁၂။ ယနေ့ညအတွက် မြတ်ဗီ၏ တေးလက်ဆောင်
ဂ:ခ၉ ၁၃။ ရသခံလင်ရပ်မြင်စာတင်လမ်း **"နှင်းနဂါးသိုင်း"**(အပိုင်း-၂၄)
ဂ:၅၅ ၁၄။ ဖြတ်ရိုးကုန်
ဂ:၅၈ ၁၅။ ကျန်းမာသုခ
ဂ:ခ၀ ၁၆။ ရသခံလင်ရပ်မြင်စာတင်လမ်း **"ယုံသာယုံပါ ထက်အာကာ"**(အပိုင်း-၄)
ဂ:ခ၀ ၁၇။ မြတ်ဗီ၏ ကိုယ်ပိုင်ကဗျာ
ဂ:ခ၅ ၁၈။ ရုပသုခ

ညပိုင်း

၄:၀၀ ၁။ မြတ်ဗီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ ကလေးမြတ်ပြဟန်ဂီတသံ
၄:၂၅ ၅။ ဗီဒီယိုရုပ်ရှင်ကား
၄:ခ၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:ခ၅ ၇။ ကျန်းမာသုခ
၄:ခ၈ ၈။ ကိုယ်ပိုင်ကဗျာ
၄:၃၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၅ ၁၀။ ကျန်းမာသုခ
၄:၃၈ ၁၁။ ယနေ့ညအတွက် မြတ်ဗီ၏ တေးလက်ဆောင်
၄:ခ၀ ၁၂။ ရသခံလင်ရပ်မြင်စာတင်လမ်း **"ခွင်းနဂါးသိုင်း"**(အပိုင်း-၂၄)
၄:ခ၅ ၁၃။ ကျန်းမာသုခ
၄:ခ၈ ၁၄။ ကိုယ်ပိုင်ကဗျာ
၄:၃၀ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၅ ၁၆။ ကျန်းမာသုခ
၄:ခ၀ ၁၇။ ယနေ့ညအတွက် မြတ်ဗီ၏ တေးလက်ဆောင်
၄:ခ၅ ၁၈။ ရသခံလင်ရပ်မြင်စာတင်လမ်း **"ကိုယ်ကိုယ်"**(အပိုင်း-၂)

❒ ကျောဖုံးမှ

စက်တင်ဘာ ၃ ရက် နံနက် ၈နာရီ မိနစ် ၄၀ တွင် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ မကွေး–တောင်တွင်းကြီးလမ်းနှင့် သစ်ရာကောက်–စမ်းမကြီး–ကိုးပင် လမ်းဆုံသို့ နံနက် ၉ နာရီတွင် ရောက်ရှိကြပြီး မကွေး–သစ်ရာကောက်–စမ်းမကြီး–ကိုးပင်လမ်း အခြေအနေနှင့် မိုးစပါးနှင့် သီးနှံများစိုက်ပျိုးပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် သစ်ရာကောက် – စမ်းမကြီး – ကိုးပင်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ မိုင်တိုင်အမှတ်(၁၀/၆)မိုင်ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ကိုးပင်–စမ်းမကြီး–သစ်ရာကောက်လမ်းစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မကွေးခရိုင် အင်ဂျင်နီယာမှူး ဦးစန်းဝေက နှစ်အလိုက်လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ လမ်းခင်းကျောက်များ စုဆောင်းထားရှိမှုနှင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မကွေးတိုင်း အင်ဂျင်နီယာမှူးကြီး ဦးတင့်လွင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ကတ္တရာလမ်းအဆင့်

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကိုးပင်–စမ်းမကြီး–သစ်ရာကောက်လမ်းကို ကျောက်ခင်းလမ်းအဆင့်မှ ကတ္တရာလမ်းအဆင့်သို့ မြှင့်တင်ရာတွင် စနစ်တကျဆောင်ရွက်ရေး မှာကြားသည်။

အဆိုပါမကွေး–သစ်ရာကောက်–ကိုးပင်–အောင်လံဖြတ်လမ်းသည် မူလ မကွေး–တောင်တွင်းကြီး– အောင်လံလမ်းထက် ၂၆ မိုင် ၂ ဖာလုံလျော့နည်းသည်။ ယင်းသစ်ရာကောက်–စမ်းမကြီး–ကိုးပင်လမ်း အရှည် ၂၁မိုင် ၃ဖာလုံအား မကွေးခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဖောက်လုပ်လျက်ရှိရာ မော်တော်ယာဉ်များ သွားလာနိုင်သည့် အကျယ်ပေ ၃၀ရှိ မြေနီကျောက်စရစ် အမာခံလမ်းအဖြစ် ဖောက်လုပ်ပြီးဖြစ်သည်။ အဆိုပါလမ်း၌ တစ်မိုင်ကို ၂၂ ပေ အကျယ် ကတ္တရာလမ်းအဆင့် စတင်တိုးမြှင့်ရန်အတွက် ကျောက်ခင်းပြီး ၅ မိုင် ၃ ဖာလုံကို ကျောက်ချောလမ်းအဆင့်တိုးမြှင့်ခင်းရန် ကျောက်များ စုဆောင်းထားပြီးဖြစ်ကြောင်းသိရသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်အားမကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်မကွေးတိုင်း ခရိုင်ချင်းဆက်လမ်းအမှတ်(၁)ဖောက်လုပ်နေမှု၊လမ်းခင်းကျောက်စုဆောင်းထားရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ဆက်သွယ်ဖောက်လုပ်

အဆိုပါ ခရိုင်ချင်းဆက်လမ်းအမှတ်(၁)မှာ မန္တလေးတိုင်းနှင့် မကွေးတိုင်းနယ်နိမိတ် အိုင်မနက်ချောင်းမှစတင်၍ နတ်မောက်၊ မြို့သစ်၊ တောင်တွင်းကြီးမြို့များကို ဖြတ်သန်းကာ မကွေးတိုင်းနှင့် ပဲခူးတိုင်း(အနောက်ပိုင်း) နယ်နိမိတ်ဖြစ်သည့် အောင်လံမြို့နယ် ဗျန်ဒီကျေးရွာအနီးသို့ ဆက်သွယ်ဖောက်လုပ်ထားပြီး မကွေးတိုင်းတွင် အရှည် ၁၃၂မိုင် ၆ ဖာလုံဖြစ်သည်။

လမ်းအရှည် ၁၃၂မိုင်၆ဖာလုံတွင် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ တာဝန်ယူထားသည့် ၅၇မိုင်၃ဖာလုံမှာကတ္တရာလမ်းခင်းပြီး မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့က တာဝန်ယူထားသည့် ၇၅မိုင်၃ဖာလုံ အနက် မိုင် ၄၀ ၆ဖာလုံကို ကျောက်ချောလမ်းခင်းပြီးဖြစ်ကြောင်းသိရသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဆင်ပေါင်ဝဲမြို့ အခြေခံပညာအထက်တန်းကျောင်းရှိ Computer Aided Instruction Room နှင့် Computer Skills Roomတို့တွင် ကျောင်းသား ကျောင်းသူများသင်ကြားလေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် သစ်ရာကောက်–ကိုးပင် ဖြတ်လမ်းပေါ်ရှိ ပြည်သာယာစိုက်ပျိုးရေး ကုမ္ပဏီလီမိတက်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ စိုက်ကွင်းတာဝန်ခံက ကုမ္ပဏီရည်ရွယ်ချက်၊ တည်နေရာ၊ ကုမ္ပဏီဖွဲ့စည်းပုံနှင့်ဝန်ထမ်းအင်အား၊ လုပ်ငန်း ဆောင်ရွက်မှုနှင့်သီးနှံများ စိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

အဓိကထားစိုက်ပျိုး

ပြည်သာယာ စိုက်ပျိုးရေးကုမ္ပဏီလီမိတက်အနေဖြင့် ပြည်ပပို့ကုန်အဖြစ်နှမ်းကို အဓိကထားစိုက်ပျိုးပြီး နှမ်း၊ ပဲစင်းငုံ၊ ပဲတီစိမ်း၊ အစေ့ထုတ်ပြောင်းနှင့် နှံစားပြောင်း စုစုပေါင်း ၁၄၇၅ ဒသမ ၇၈ ဧကနှင့်နှစ်ရှည်သီးနှံများဖြစ်သည့် ဒန့်သလွန်၊ တမာ၊ မန်ကျည်း၊ ပေါက်ပန်းဖြူ၊ဩော်ရေးသျှုပိန္နဲ၊ ဇီးနှင့်သရက်ပင်များစတင်စိုက်ပျိုးထားကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စိုက်ကွင်းအတွင်း၌ ရိတ်သိမ်းပြီး နှမ်းပင်များနေလှမ်းထားသည့်၊ စိုက်ပျိုးထားသည့် ပြောင်းခင်းအခြေအနေတို့ကို လည်းကောင်း မိုင်တိုင်အမှတ် (၅/၅)၌ လမ်းအခြေအနေနှင့် လမ်းခင်းကျောက်များ စုဆောင်းထားရှိမှုတို့ကို လည်းကောင်း ပြည်သာယာ စိုက်ပျိုးရေးကုမ္ပဏီက စိုက်ပျိုးထားသည့် နှမ်းနှင့်ပဲစင်းငုံ သီးညှပ်စိုက်ခင်းများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် တောင်တွင်းကြီးအောင်လံလမ်းနှင့်သစ်ရာကောက်–ကိုးပင်လမ်းဆုံသို့ ရောက်ရှိကြပြီး လမ်းအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကိုးပင်–ဆင်ပေါင်ဝဲလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ဆင်ပေါင်ဝဲမြို့သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ဒေသဖွံ့ဖြိုးရေး

ရှေးဦးစွာ ဆင်ပေါင်ဝဲမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဌေးဝင်းက ဆင်ပေါင်ဝဲမြို့နယ်၏ မြေအသုံးချမှု၊ မိုးရွာသွန်းမှု၊ စိုက်ပျိုးရေရရှိမှု၊ ဆည်၊ကန်၊ ရေလှောင်တမံနှင့် မြစ်ရေတင်လုပ်ငန်းများဖြင့် မိုးစပါးစိုက်ပျိုးနိုင်မှု၊ သီးနှံစိုက်ပျိုး ထုတ်လုပ်နိုင်မှု၊ ဒေသဝမ်းစာဖူလုံမှုနှင့် စားသုံးဆီ ဖူလုံမှုအခြေအနေ၊ သားငါးထုတ်လုပ်မှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

တိုးတက်မြင့်မားအောင်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာတွင် ဆင်ပေါင်ဝဲမြို့သည် အတွင်းပိုင်းကျသဖြင့် လမ်းပန်းဆက်သွယ်ရေး၌ ဝေးလံမှုရှိသော်လည်း စီးပွားရေးအရ ကောင်းမွန်သည်ကို တွေ့ရှိရကြောင်း၊ တာဝန်ရှိသူများက မိမိတို့တာဝန်ယူထားသည့် နယ်မြေအနှံ့သို့သွားရောက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးတိုးတက်အောင်၊ ကျန်းမာရေး အသိပညာများတိုးတက်အောင်၊ ကျေးလက်နေပြည်သူများ၏ပညာရေးအဆင့်အတန်း တိုးတက်မြင့်မားအောင် ကွင်းဆင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ယင်းသို့ ဆောင်ရွက်ရာတွင် တာဝန်ရှိသူများနှင့်အတူ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ပါက ဆင်ပေါင်ဝဲမြို့နယ်သည် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

စီးပွားရေး ဖွံ့ဖြိုးတိုးတက်သည့် နည်းတူ အသိပညာ၊ အတတ်ပညာနှင့် ဗဟုသုတများ တိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲ ၁နာရီ၄၅မိနစ်တွင် ဆင်ပေါင်ဝဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ မြို့ရေပေးရေး ရေသိုလှောင်ကန်သို့ ရောက်ရှိကြရာ မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးညိုဝင်းမြင့်နှင့် အင်ဂျင်နီယာမှူးကြီး ဦးသိန်းဝင်းတို့က ဧရာဝတီမြစ်ရေကို သိုလှောင်ပြီး မြို့နေပြည်သူများအား ရေပေးဝေမည့် ရေစစ်ကန်နှင့် ဂါလန်ခြောက်သောင်းဆံ့ ရေစုကန်အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဆင်ပေါင်ဝဲမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးရုံအမျိုးသားလူနာဆောင်၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်း၊ ဓာတ်မှန် ဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာကြည်ဝင်းက လိုက်လံရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဆင်ပေါင်ဝဲမြို့အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းရှိ Computer Aided Instruction Room၊ Computer Skills Room နှင့် e-Education Learning Centre တို့ကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်ပညာရေးမှူး ဦးအောင်ဝင်းနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ညွန့်ကြည်တို့က လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

စိုက်ပျိုးဖြစ်ထွန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆင်ပေါင်ဝဲမြို့မှ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ဆင်ပေါင်ဝဲ–ကိုးပင်လမ်းမိုင်တိုင်အမှတ် (၇/၅)သို့ မွန်းလွဲ ၂နာရီခွဲတွင်ရောက်ရှိကြပြီး ဆင်ပေါင်ဝဲ–ကိုးပင်လမ်း အခြေအနေနှင့် လမ်းဘေး ဝဲယာ၌ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် နှမ်းစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် တောင်တွင်းကြီးမြို့နယ် အောင်လံ–တောင်တွင်းကြီးလမ်းပေါ်ရှိ ပရပ်ကြယ်ကျေးရွာသို့ ညနေ ၃နာရီ ၁၀ မိနစ်တွင် ရောက်ရှိကြပြီး ပရပ်ကြယ်ကျေးရွာအနီး၌ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားသည့် ယာစပါးဧက ၈၃၀ စိုက်ခင်းကိုကြည့်ရှုစစ်ဆေးရာ တောင်တွင်းကြီးမြို့နယ် စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးခင်မောင်မြင့်က ရှင်းလင်းတင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် အောင်လံ–တောင်တွင်းကြီးလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ မိုင်တိုင်အမှတ် (၂၆၅) သို့ရောက်ရှိကာ ရန်ပယ်ဆည်ရေသောက် တောင်တွင်းကြီးမြို့နယ် ဝက္ကသေးကျေးရွာ မိုးစပါးဧက ၁၀၀ စံပြကွက်ကိုကြည့်ရှုစစ်ဆေးရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မကွေးတိုင်း တိုင်းမန်နေဂျာ ဦးကျော့မောင်က ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

သတ်မှတ်လျာထား

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ရန်ပယ်ဆည်ရေသောက် မိုးစပါးစိုက်ခင်းကိုကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား ရန်ပယ်ဆည်ရေသောက် မိုးစပါးစိုက်ဧကကို သတ်မှတ်လျာထားသည့် ၈၇၁၅ ဧက ပြည့်မီအောင်စိုက်ပျိုးရန်မှာကြားသည်။

ရန်ပယ်ဆည် ရေလှောင်တမံမှ ဆည်ရေဖြင့် မိုးစပါး ၈၇၁၅ ဧက စိုက်ပျိုးရန် လျာထားသတ်မှတ်ထားရာ ဧက ၆၅၀၀ ပျိုးထောင်ပြီးစီး၍ ဧက ၆၃၆၀ စိုက်ပျိုးပြီးစီးပြီးဖြစ်ပြီး သတ်မှတ်လျာထားသောဧက ပြည့်မီအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် တောင်တွင်းကြီး–အောင်လံလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ညနေပိုင်းတွင် အောင်လံမြို့သို့ရောက်ရှိသည်။ **(သတင်းစဉ်)**

ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များ ပို့ဆောင်ပေးမည်

ရန်ကုန် စက်တင်ဘာ ၅

သာသနာရေးဝန်ကြီးဌာနသည် ၁၉၉၈–၉၉ ခုနှစ်မှစ၍ မဇ္ဈိမဒေသရှိ သံဝေဇနီယလေးဌာန(ဗုဒ္ဓဂယာဘုရားဖူး) ခရီးစဉ်များကို ပို့ဆောင်ပေး လျက်ရှိပြီး ယခုနှစ် ၂၀၀၅–၂၀၀၆ခုနှစ်တွင်လည်း ယခင်နှစ်ကဲ့သို့ ဘုရားဖူးခရီးစဉ်များ ပို့ဆောင်ရန်စီစဉ်လျက်ရှိသည်။

ဘုရားဖူးခရီးစဉ်များမှာ ရန်ကုန်မှ ဗုဒ္ဓဂယာသို့ တိုက်ရိုက်သွားပြီး ဘုရားဒေသများအား ဖူးမြော်ကာ ဗုဒ္ဓဂယာမှ ရန်ကုန်သို့ တိုက်ရိုက်ပြန်လာမည့် ၁၀ညအိပ် ၁၁ ရက်ခရီးနှင့် ရန်ကုန်မှ ဗုဒ္ဓဂယာသို့ တိုက်ရိုက်သွားပြီး ဘုရားဒေသများကို ဖူးမြော်ကာ ဗုဒ္ဓဂယာမှ တစ်ဆင့်ကိုးလ်ကတ္တားမြို့သို့ ဝင်ပြီး ရန်ကုန်သို့ပြန်လာမည့် ၁၄ ညအိပ် ၁၅ ရက်ခရီးတို့ဖြစ်သည်။ ခရီးစဉ်နှစ်ခုစလုံး ဘုရားဒေသများပြည့်စုံစွာ လှည့်လည်ဖူးမြော်နိုင်ရန်စီစဉ်ထားရှိပြီးဖြစ်သည်။

ဘုရားဖူးခရီးစဉ်များအား ၂၀၀၅ ခုနှစ် စက်တင်ဘာလနောက်ဆုံးပတ်မှစ၍ ပို့ဆောင်ရန်စီစဉ်ထားရှိပြီးဖြစ်ပါသဖြင့် ဘုရားဖူးသွားလိုသူများအနေဖြင့် သာသနာရေးဝန်ကြီးဌာနမှ တရားဝင် တာဝန်ပေးအပ်ထားသော ဘုရားဖူးအဖွဲ့ နှစ်ဖွဲ့ဖြစ်သည့် (၁)အကျိုးဆောင် ဒေါ်သဇင်မြင့်အောင် (အောင်ချမ်းသာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့) Power Palace Hotel အမှတ်(၁၆) ပြည်သာယာလမ်း ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း(သာသနာရေး)(၀၁–၇၀၈၁၅၆၊၆၆၀၈၄၃) (ဟိုတယ်)(၀၁–၅၄၄၂၈၇၊ ၅၄၈၂၁၀၊ ၅၄၉၆၆၈၊၀၉–၉၉–၂၆၁၀၈၊ ၀၉–၅၁၂–၈၆၂၁)နှင့်(၂) အကျိုးဆောင်–ဦးထိန်လင်း (ရန်ကုန်ဗုဒ္ဓဂယာ ဘုရားဖူးပို့ဆောင်ရေးလုပ်ငန်း) အမှတ်(၅၅)၊(၁၇)လမ်း လသာမြို့နယ် ရန်ကုန်မြို့ ဖုန်း(သာသနာရေး) (၀၁–၆၆၅၃၈၃) (ရုံး) (၀၁–၂၂၅၉၈၉၊၂၂၅၉၁၅)တို့သို့ ဆက်သွယ်စုံစမ်း၍ ကာယကံရှင်များကိုယ်တိုင် လျှောက်လွှာများတင်သွင်းနိုင်ကြောင်း သာသနာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

နဂါးရုံဘုရား တည်ထားကိုးကွယ်ရေး ပါဝင်လှူဒါန်းနိုင်

ရန်ကုန် စက်တင်ဘာ ၅

ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ သမိုင်းဝင် မဟာဓမ္မရံသီ အိမ်တော်ရာစေတီတော်မြတ်ကြီး ပရဝဏ်အတွင်း၌ ဂေါပကအဖွဲ့၏ စီမံကြီးကြပ်မှုဖြင့် မုစလိန္ဒာကန်နှင့်တွဲလျက် နဂါးရုံဘုရားအား တည်ထားကိုးကွယ်တော်မူမည်ဖြစ်သည်။ နဂါးရုံဘုရား တည်ထားကိုးကွယ်နိုင်ရေးအတွက် ပါရမီရှင်များ အနေဖြင့် ဂေါပကအဖွဲ့ရုံး ဖုန်း–၃၈၃၇၉၄ သို့ဆက်သွယ်လှူဒါန်းနိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကွယ်လွန်သူ ဦးကျော်နိုင်အား ရည်စူး၍ သားသမီးများနှင့် တပည့်များက ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းနှစ်သောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

နိုင်ငံခြားစီးပွားရေးဆက်ဆံမှုနှင့် ကုန်သွယ်ရေးပွဲတော်

တရုတ်နိုင်ငံ အနောက်မြောက်ဘက် ယူရမ်ကီမြို့၌ကျင်းပ

ယူရမ်ကီ စက်တင်ဘာ ၅

တရုတ်နိုင်ငံသည် တောင်ပိုင်း၊ အလယ်ပိုင်းနှင့် အနောက်ပိုင်း အာရှနိုင်ငံများနှင့် ဆက်သွယ်၍ (၁၄)ကြိမ်မြောက် တရုတ်ယူရမ်ကီ နိုင်ငံခြားစီးပွားရေးဆက်ဆံမှုနှင့် ကုန်သွယ်ရေးပွဲတော်ကို စက်တင်ဘာ ၁ ရက်က တရုတ်နိုင်ငံ အနောက်မြောက်ဘက် ရှင်ကျင်ယူဂါကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ မြို့တော် ယူရမ်ကီတွင် ဖွင့်လှစ်လိုက်သည်။

အဆိုပါ ငါးရက်ကြာ ကျင်းပမည်ပွဲတော်သို့ ရုရှား၊ ကာဇက်စတန်နှင့် ပါကစ္စတန်အပါအဝင် နိုင်ငံများနှင့် တရုတ်ပြည်နယ်များ၊ ဒေသများနှင့် မြူနီစီပယ်ဒေသ ၁၅ခု၊ စီးပွားရေးဆိုင်ရာ ပဂ္ဂိုလ် ၁၀၀ဝကျော် တက်ရောက်ခဲ့ကြသည်။

မျှော်လင့်

ယင်းပွဲတော်တွင် အမေရိကန် ဒေါ်လာ ၂၄သန်းခန့်တန်ဖိုးရှိ နိုင်ငံခြား ကုန်သွယ်ရေးကန်ထရိုက် ၁၄ခုနှင့် ယွမ် ၂၅ဒသမ ၅ဘီလီယံ(အမေရိကန်ဒေါ်လာ ၃၁၅သန်း)တန်ဖိုးရှိ ပြည်တွင်းကုန်သွယ်မှုများကို လက်မှတ်ရေးထိုးချုပ်ဆိုမည်ဟု မျှော်လင့်ထားသည်။

ကျင်းပ

ၔင်းပြင် ရုရှား၊ ကာဇက်စတန်၊ တူရကီနှင့် အီရန်ကဲ့သို့ ၁၀နိုင်ငံမှ ကိုယ်စားလှယ် ၁၀ဝကျော် ပါဝင်ဆွေးနွေးမည့် ဒေသပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ အလယ်ပိုင်းနှင့် အနောက်ပိုင်း အာရှစီးပွားရေးပူးပေါင်း ဆောင်ရွက်မှုနှင့်ပတ်သက်၍လည်း ဖိုရမ်တစ်ခုကျင်းပမည်ဖြစ်သည်။

ဆောင်ရွက်

ရှင်ကျင်ဒေသသည် နိုင်ငံနှင့် ဒေသ ၁၄ကျော်နှင့်စီးပွားရေးဆက်ဆံမှုထူထောင်ထားပြီး စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမှာလည်း ကျယ်ပြန့်ဆဝင် ဖြစ်ကြောင်း ရှင်ကျင်ယူဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌလည်း ဖြစ်ပြီး ပွဲတော်လှုံ့ဆော်စည်းရုံးရေးကော်မတီ၏ ညွှန်ကြားရေးမှူးလည်း ဖြစ်သူ အစ်စမေးတီလီဝါလ်ဒီက ပြောကြားသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

မက္ကဆီကိုနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်း ၂၁ဦး သေဆုံး

မက္ကဆီကိုစီးတီး စက်တင်ဘာ ၄

လွန်ခဲ့သော သီတင်း နှစ်ပတ်ခန့်က မက္ကဆီကိုမြို့ မိုးများသည်းထန်စွာ ရွာသွန်းခဲ့၍ ရေကြီးကာ လူ ၂၁ဦး သေဆုံးသွားခဲ့ကြောင်း မက္ကဆီကိုပြည်ထဲရေး ဝန်ကြီးဌာနက စက်တင်ဘာ ၂ ရက်၌ ပြောကြားသည်။

ယင်းသေဆုံးသူများမှာ အော်ဇာကာ ပြည်နယ်မှ ၁၀ ဦး၊ ဗာရာခရုဇ်မှ ခြောက်ဦး၊ မီချော်ကန်မှ ၄၊ ဦးဖြစ်ကြောင်း ပြည်ထဲရေး ဝန်ကြီးဌာနမှ တာဝန်ရှိ အုပ်ချုပ်ရေး အကြီးအကဲ ရာဇူးလင်ရီဗာရာက ပြောကြားသည်။

သို့ရာတွင် ဒေသဆိုင်ရာ မီဒီယာက ယင်းမိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူ ၃၀ သေဆုံးသည်ဟု ဆိုသည်။

ဗာရာခရုဇ်၌ ပြည်သူ ၂၇၈၀ ကျော်တို့၏ ပိုင်ဆိုင်မှုများနှင့် လယ်ယာမြေများ ပျက်စီးသွားကြောင်း ရီဗာရာက ပြောကြားသည်။

မက္ကဆီကို အလယ်ပိုင်းနှင့် တောင်ပိုင်းတို့၌ အရေးပေါ်ကြေညာချက်များ ထုတ်ပြန်ထားကြောင်း၊ အပူပိုင်း မုန်တိုင်းများပစိဖိတ်နှင့်အတ္တလန္တိတ် သမုဒ္ဒရာများမှ တိုက်ခတ်ဖွယ်ရှိကြောင်း ဆင်ဟွာက ဖော်ပြသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

ရေနံတူးဖော်

ကာဇက်စတန်နိုင်ငံရှိတရုတ်အမျိုးသား ရေနံကော်ပိုရေးရှင်း၏ ရေနံတူးဖော်ရေးလုပ်ငန်းခွင်ကို စက်တင်ဘာ ၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယနိုင်ငံ၌ ကလိုရင်းဓာတ်ငွေ့ယိုစိမ့် တစ်ဦးသေဆုံး၊ ၁၀၀ခန့်ဝေဒနာခံစားကြရ

နယူးဒေလီ စက်တင်ဘာ ၄

အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်း ဆမ်ဘယ်ပါမြို့ အိုရစ်ဆာဒေသရှိ ရေစစ်ကန်တစ်ခုမှ ကလိုရင်းဓာတ်ငွေ့များယိုစိမ့်ခဲ့ရာ လူတစ်ဦးသေဆုံးပြီး အနည်းဆုံးလူ ၁၀၀ ခန့် ဝေဒနာခံစားရဖူးရှိကြောင်း ဆင်ဟွာ၌ဖော်ပြသည်။

သေဆုံး

အဆိုပါမြို့၌ အသက်(၃၂)နှစ်အရွယ်ရှိလူတစ်ဦး စက်တင်ဘာ ၂ ရက်ခန့်က ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် သေဆုံးသွားခဲ့သည်ဟုဆိုသည်။

ဖော်ပြ

ထိုမြို့ရှိ ကလိုရင်းဆလင်ဒါတစ်ခုမှ မိနစ် ၃၀ ခြားယိုစိမ့်မှုဖြစ်ခဲ့ကြောင်း၊ ယင်းယိုစိမ့်မှုကို ကျွမ်းကျင်သုနှစ်ဦးဖြင့် ယမန်နေ့ညပိုင်းက ထိန်းချုပ်ပိတ်ဆို့နိုင်ခဲ့ပြီဖြစ်ကြောင်း ဒုတိယခရိုင်ရဲအုရာရှိ၏ ပြောကြားချက်ကို အင်ဒို-အာရှနယူးစ်ဆားဗစ်က ကိုးကားဖော်ပြသည်။

ဆေးရုံပို့

အဆိုပါ ကလိုရင်းဓာတ်ငွေ့ယိုစိမ့်ရာ မီတာ ၅၀ ဝန်းကျင်အနီးရှိ နေအိမ်များမှလူများ အသက်ရှူကျပ်ခြင်းနှင့် ပျို့အန်မှုများဖြစ်ခဲ့ကြောင်း၊ ကလေး ၃၀ အပါအဝင် လူ ၅၅ ဦး ဆေးရုံပို့ထားရကြောင်း သတင်းဌာနတွင်ဖော်ပြသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

ဘာကူဘာမြို့အနီး တိုက်ခိုက်မှု သုံးကြိမ်ဖြစ်ပွား အီရတ်ရဲတပ်ပွဲဝင်နှင့် လုံခြုံရေးတပ်ပွဲဝင် ၁၇ဦးသေဆုံး

ဘဂ္ဒဒက် စက်တင်ဘာ ၄

ဘဂ္ဒဒက်မြို့မြောက်ပိုင်း ဘာကူဘာမြို့အနီးတွင် စက်တင်ဘာ ၃ ရက်က အမည်မသိ လက်နက်ကိုင်များ၏ သီးခြားစီတိုက်ခိုက်မှုသုံးခုဖြစ်ပွားရာ အီရတ် ရဲတပ်ဖွဲ့ဝင်နှင့် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင် ၁၇ ဦးသေဆုံးပြီး အခြား ၁၆ဦးဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့နှင့် ဆေးရုံသတင်းများက ပြောကြားသည်။

ဖြစ်ပွား

ပထမတိုက်ခိုက်မှုမှာ ဘာကူဘာမြို့အနီး မိုင် ၂၀ခန့်အကွာရှိ အီရတ်စစ်ဘက် စစ်ဆေးရေးစခန်းတစ်ခုခု၌ စက်တင်ဘာ ၃ ရက် စနေနေ့တွင်ဖြစ်ပွားခြင်းဖြစ်ပြီး အီရတ်စစ်ဘက်တပ်ဖွဲ့ဝင် လေးဦး သေဆုံးခဲ့ရသည်။

တိုက်ခိုက်

၃တိယတိုက်ခိုက်မှုမှာ ဘာကူဘာမြို့လယ်ရှိ စစ်ဆေးရေးစခန်းတစ်ခုခု၌ အီရတ်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများက ပစ်ခတ်တိုက်ခိုက်မှုကြောင့် အီရတ်ရဲတပ်ဖွဲ့ဝင်လေးဦး သေဆုံးခဲ့ရသည်။

ပစ်ခတ်

တတိယတိုက်ခိုက်မှုမှာ ဘာကူဘာမြို့တောင်ဘက် လေးကီလိုမီတာအကွာ စစ်ဆေးရေးစခန်းကို အီရတ်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများက ပစ်ခတ်မှုကြောင့် အီရတ်ရဲတပ်ဖွဲ့ဝင် ခုနစ်ဦးနှင့် အီရတ်စစ်ဘက်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးခဲ့ရသည်။

အမ်အင်အေ၊ ရိုက်တာ

ကယ်ကွတ်မှ တူရကီသို့ဆက်သွယ်ထားသည့် ရေနံပိုက်လိုင်း ပုံးဖောက်ခွဲတိုက်ခိုက်ခံရသဖြင့် မီးလောင်မှုဖြစ်ပွား

ကယ်ကွတ် စက်တင်ဘာ ၄

အီရတ်နိုင်ငံတွင် စက်တင်ဘာ ၃ ရက် စနေနေ့က အီရတ်၏အဓိက ရေနံပိုက်လိုင်းတစ်ခုခုံးဖောက်ခွဲမှုခံရကြောင်း အီရတ်နိုင်ငံ ရေနံပိုက်လိုင်းလုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ထိုဖောက်ခွဲတိုက်ခံရသည့် ရေနံပိုက်လိုင်းသည် အီရတ်နိုင်ငံ ကယ်ကွတ်မြို့မှ တူရကီနိုင်ငံ မြေထဲပင်လယ်ဆိပ်ကိမ်းဆေဟန်မြို့သို့ တင်ပို့ဆက်သွယ်ထားသည့် ပိုက်လိုင်းဖြစ်သည်။

ဗုံးဖောက်ခွဲ တိုက်ခိုက်ခံရမှုနေရာမှာ ဘေဂျီမြို့နှင့် ကယ်ကွတ်မြို့အကြား ဖာသာမြို့အနီးတွင် ဖြစ်ကြောင်း ဗုံးဖောက်ခွဲမှုနှင့်ပတ်သက်၍ အသေးစိတ် သတင်းမရသေးကြောင်း သိရသည်။

ဖောက်ခွဲ

ကယ်ကွတ်မြို့မှ မိုင် ၆၀ ခန့်အကွာတွင်ရှိသော ဖာသာမြို့မှ လေးကီလိုမီတာ အကွာတွင် လမ်းဘေးဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု အခြားလုံခြုံရေး တပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

မီးလောင်

ရေနံပိုက်လိုင်းမီးလောင်မှုကို အီရတ်မြောက်ပိုင်းရှိ ရေနံကုမ္ပဏီ မီးငြိမ်းသတ်ရေးဌာနမှ မီးများငြိမ်းသတ်လျက်ရှိကြောင်း၊ သို့ရာတွင် ရေနံပိုက်လိုင်းမှာ နှစ်ကီလိုမီတာအထိ မီးလောင်ကျွမ်းလျက်ရှိကြောင်း သိရသည်။

(အင်တာနက်)

လုံခြုံရေးဆောင်ရွက်

အီရတ်နိုင်ငံ ဘာကူဘာမြို့တွင် ခုခံတိုက်ခိုက်ရေးသမားများနှင့် တိုက်ပွဲဖြစ်ပွားပြီးနောက် လုံခြုံရေးဆောင်ရွက်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို စက်တင်ဘာ ၃ ရက်ကတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘိုးရင်းခရီးသည်တင်လေယာဉ်အင်ဒိုနီးရှားနိုင်ငံမီဒန်မြို့၌ ပျက်ကျ

လေယာဉ်ပေါ်လိုက်ပါလာသည့် ခရီးသည် ၁၀၀ ကျော်သေဆုံး

ကျကာတာ စက်တင်ဘာ ၅

အင်ဒိုနီးရှား ဘိုးရင်း ၇၃၇-၂၀၀ လေယာဉ်တစ်စင်း လေဆိပ်မှယျံတက်စဉ် တနင်္လာနေ့က မီဒန်မြို့ လူနေရပ်ကွက်အတွင်း ပျက်ကျရာ အပိုင်းပိုင်းပြတ်ပြီးနောက် နေအိမ်များပါ မီးကူးစက်လောင်ကျွမ်းသဖြင့် လူ၁၀၀ကျော် သေဆုံးမည်ဟု ရိုက်တာသတင်းတွင် ဖော်ပြပါရှိသည်။ (အပေါ်ပုံ)

မန်နလာလေကြောင်းကုမ္ပဏီပိုင် အဆိုပါ ဘိုးရင်း ၇၃၇-၂၀၀လေယာဉ်ကြီးပေါ်တွင် စုစုပေါင်း လူ၁၁ဦးလိုက်ပါခဲ့ကြောင်း ကုမ္ပဏီက ကြေညာသည်။

သေဆုံးသူအချို့မှာ မြေပြင်ရှိ လူနေအိမ်များမှဖြစ်ကြောင်း ဆူမားတြားပြည်နယ်မြောက်ပိုင်းရှိ မြို့တော်မီဒန်မှ ဆေးရုံတာဝန်ရှိသူများက ပြောကြားသည်။

လေယာဉ်စီးနင်းလိုက်ပါသူများအနက် မည်သူတစ်ဦးတစ်ယောက်မျှ အသက်ရှင်ကျန်ရစ်သည်ဆိုသော သတင်းမကြားရသေးကြောင်း ဆူမားတြားပြည်နယ်မြောက်ပိုင်း အစိုးရ ပြောရေးဆိုခွင့်ရှိသူ အက်ဒီဆိုဗီယန်က ပြောကြားသည်။ ဆူမားတြားပြည်နယ်မြောက်ပိုင်းအုပ်ချုပ်ရေးမှူးလည်း အဆိုပါလေယာဉ်ခရီးတွင် လိုက်ပါသွားကြောင်း ၎င်းက ထည့်သွင်းပြောကြားလိုက်သည်။

လေယာဉ်ကြီးသည် လူနေအိမ်များကိုဝင်တိုက်ပြီး၊ လမ်းမပေါ်ကျရောက်သွားကြောင်း၊ ယခုအခါ သေဆုံးသူစုစုပေါင်း ၁၀၀ကျော်ရှိမည်ဟု ခန့်မှန်းရကြောင်း အက်ဒီဆိုဗီယန်က ပြောဆိုသည်။ မီဒန်မြို့သည် အင်ဒိုနီးရှားနိုင်ငံ၏ တတိယအကြီးဆုံးမြို့ဖြစ်ပြီး အာရေးပြည်နယ် ထောက်ပံ့ရေးအတွက် အဓိကဝင်ပေါက်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

ဗုဒ္ဓဘာသာ ပန်းမန်နှင့်ဥယျာဉ်ပြပွဲ

စင်ကာပူ၌ လာမည့်နှစ်တွင် ကျင်းပမည်

စင်ကာပူ စက်တင်ဘာ ၄

အပြည်ပြည်ဆိုင်ရာ ပန်းမန်နှင့်ပန်းဥယျာဉ်ပြပွဲကို စင်ကာပူနိုင်ငံက လာမည့်နှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အထူးမွမ်းမံ

လာမည့်နှစ်တွင် ကျင်းပမည့် စင်ကာပူ ဥယျာဉ်ပွဲတော်၂၀၀၆၌ အထူးမွမ်းမံပြင်ဆင်ထားသော ပန်းဥယျာဉ်များကို ကမ္ဘာတစ်ဝန်းရှိ အကောင်းဆုံး ပန်းဥယျာဉ်ပြပြင်ရေးဆုရသမားများက ပါဝင်ပြသကြမည်ဖြစ်သည်။

တီထွင်ဆန်းသစ်

ပြပွဲသို့ လာရောက်လေ့လာကြည့်ရှုသူများအနေဖြင့် ရောင်စုံပန်းများ၊ တီထွင်ဆန်းသစ်ထားသောပန်းများ၊ အုံသြဖွယ်ရာ ပန်းအလှပြပြင် ခင်းကျင်းပြသမှုများ မြှင်မြှင်ဆိုင်ဆိုင် ရှိနေမှုကို တွေ့မြင်ခံစားရမည်ဖြစ်ပြီး ပုံမှန်မှ ခွဲထွက်ဆန်းသစ်ထားသော ကမ္ဘာ့အစိတ်အပိုင်း နေရာတစ်ခုအဖြစ် တွေ့မြင်ကြရမည် ဖြစ်သည်။

စင်ကာပူနိုင်ငံတွင် ခင်းကျင်းပြသမှု အနေဖြင့် နေရာကျဉ်းသော်လည်း မိမိတို့ပန်းဥယျာဉ်အလှပုံစံပြပြင်သူများ အနေဖြင့် အကောင်းဆုံးအကြံဉာဏ်များထုတ်ကာ ပြုလုပ်ပြသသွားမည်ဖြစ်ကြောင်း ပါဝင်ဆင်နွှဲသူ တစ်ဦးက ပြောကြားသည်။ **(အင်တာနက်)**

ဧရာမမိကျောင်း ကျောက်ပြစ်ရုပ်ကြွင်း

ပီရူးနိုင်ငံ အမေဇုန်တောင်၌ ရှာဖွေတွေ့ရှိ

လီမာ(ပီရူး) စက်တင်ဘာ ၄

ပီရူးနိုင်ငံ အမေဇုန်တောင် ၄၆ပေရှည်သော ဧရာမမိကျောင်းကျောက်ဖြစ်ရုပ်ကြွင်းတစ်ခုကို ပီရူးရှာဖွေရေးသမားများက တွေ့ရှိခဲ့ကြောင်း သိပ္ပံပညာရှင်တစ်ဦးက စက်တင်ဘာ ၂ရက်တွင် ပြောကြားသည်။

အလွန်ကြီးမား

သိပ္ပံပညာရှင်၁၂ဦးပါဝင်သောအဖွဲ့သည် ပီရူးနိုင်ငံမြောက်ပိုင်း အမေဇုန်မြစ်ဝှမ်း၏ တစ်စိတ်တစ်ဒေသရှိရာ မြေအောက်မှ ဧရာမ မိကျောင်းကျောက်ဖြစ်ရုပ်ကြွင်းတစ်ခုကို တွေ့ရှိခဲ့ကြောင်း၊ ယင်းတွင် အလွန်ကြီးမားသော ကျောရိုး၊ မေးရိုးနှင့် သွားများပါရှိကြောင်း သိရသည်။

လေးပေ ဦးခေါင်း

အဆိုပါမိကျောင်းကျောက်ဖြစ်ရုပ်ကြွင်းသည် ဦးခေါင်းလေးပေ အရှည်ရှိပြီး ကိုးတန်ခန့်အလေးချိန်ရှိသည်ဟု ဆိုသည်။ ယင်းကျောက်ဖြစ်ရုပ်ကြွင်းသည် လွန်ခဲ့သော နှစ်ဝဝကတွေ့ရှိခဲ့သော မိကျောင်းကျောက်ဖြစ်ရုပ်ကြွင်းမျိုးဖြစ်ကြောင်း ပီရူးသမိုင်းပြတိုက်မှ ကျောက်ဖြစ်ရုပ်ကြွင်း ဆိုင်ရာ အကြီးအကဲ ရိုဇိုဖိုဆာလက်စ်က ပြောကြားသည်။

ယင်းမိကျောင်းကျောက်ဖြစ်ရုပ်ကြွင်း တွေ့ရှိမှုသည် ယနေ့ အမေဇုန်တောသည် တစ်ချိန်က ကရစ်ဘီယံကျွန်းနှင့် ဆက်စပ်နေသည်ဆိုမှုကို သက်သေပြရန် အထောက်အကူဖြစ်လိမ့်မည်ဟု ၎င်းက ပြောဆိုသည်။

အမ်အင်အေ၊ရိုက်တာ

ဘဂ္ဂဒက်မြို့တွင် လုံခြုံရေးကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်များ အား စက်တင်ဘာ ၃ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အီရန်အနောက်တောင်ပိုင်း၌ ရေနံပိုက်လိုင်း ဟောက်ခွဲခံရ

တီဟီရန် စက်တင်ဘာ ၄

အီရန်နိုင်ငံ အနောက်တောင်ပိုင်း၌ စက်တင်ဘာ ၁ရက်က ရေနံပိုက်လိုင်း ၁၅စုနှင့် ရေနံတွင်းတစ်တွင်းမုံးငယ်များဖြင့် ဖောက်ခွဲဖျက်ဆီးခြင်းခံရကြောင်း တာဝန်ရှိသူတစ်ဦးက စက်တင်ဘာ ၃ရက်၌ ပြောကြားသည်။

သို့ရာတွင် တာဝန်ရှိသူများက အခြေနေပြေပြင်နိုင်ခဲ့၍ အိုပက်၏ရေနံတင်ပို့ရောင်းချမှုကို မထိခိုက်ဟုဆိုသည်။

တာဝန်ရှိ

ယင်း ဗုံးဖောက်ခွဲမှုများသည် အီရန်ရှိ အာရပ်အများစုတွင် တာဝန်ရှိကြောင်း အီရန်အနောက်တောင်ပိုင်း ကူဒီစတန်ပြည်နယ်မှ ပါလီမန်အမတ် နီဇမ်မောလာဟိုဗီဒက်က ပြောကြားသည်။

အီရန်သည် ကမ္ဘာ့ စတုတ္ထ အများဆုံး ရေနံထုတ်လုပ်သည့် နိုင်ငံ ဖြစ်ပြီး တစ်နေ့လျှင် စည်ပေါင်း ၄ ဒသမ ၂သန်းခန့် ထုတ်လုပ်သည်။

အမ်အင်အေ၊ ရိုက်တာ

ဆာမာရာ၌ စိန်ပြောင်းကျည်များကျရောက်ပေါက်ကွဲ

လူလေးဦးသေဆုံး၊ ၁၁ဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် စက်တင်ဘာ ၄

ဘဂ္ဂဒက်မြောက်ပိုင်း ဆာမာရာမြို့ရှိ ဒေသခံများ နေထိုင်ရာ အရပ်သို့ စက်တင်ဘာ ၄ရက် စနေနေ့က စိန်ပြောင်းကျည် လေးခု ကျရောက် ပေါက်ကွဲခဲ့ရာ အရပ်သား လေးဦး သေဆုံးပြီး ၁၁ဦးဒဏ်ရာ ရရှိခဲ့ကြောင်း အီရတ် ရဲတပ်ဖွဲ့က ပြောကြားသည်။

အမည်မသိ တိုက်ခိုက်ရေးသမားများက ပစ်ခတ်မှုကြောင့် ဆာမာရာမြို့တွင် စိန်ပြောင်း ကျည်လေးခု ကျရောက် ပေါက်ကွဲခဲ့သည်ဟု အီရတ် ပြည်ထဲရေးဝန်ကြီးဌာနက ဆက်လက်ပြောကြားသည်။

ထိုသို့ ပစ်ခတ်ခဲ့မှုကြောင့် အရပ်သားလေးဦး သေဆုံးခဲ့ပြီး ၁၁ဦး ဒဏ်ရာရရှိခဲ့မှု၏ တိုက်ခိုက်သူများကို စုံစမ်းလျက်ရှိကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးဌာနက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်မှ ဘူလ်ဂေးရီးယား တပ်ဖွဲ့ဝင်များ ယခုနှစ်ကုန်တွင် ရုပ်သိမ်းမည်ဆို

ဆိုဗီယာ စက်တင်ဘာ ၄

အီရတ်တွင်ရှိသော ဘူလ်ဂေးရီးယားတပ်ဖွဲ့ဝင်များကို ယခုနှစ်ကုန်တွင် ပြန်လည်ရုပ်သိမ်းရန် ပြင်ဆင်လျက်ရှိကြောင်း ဘူလ်ဂေးရီးယားဝန်ကြီးအသစ်ဖြစ်သော ဆာဂျီစတာနီရှိဗ်က စက်တင်ဘာ ၂ရက် သောကြာနေ့က ပြောကြားလိုက်သည်။

အီရတ်၌ ရောက်ရှိနေသော ဘူလ်ဂေးရီးယားတပ်ဖွဲ့ဝင် ၃၇၀ကို ယခုနှစ်ကုန်တွင် ရုပ်သိမ်းရန် ဘူလ်ဂေးရီးယားအစိုးရက ဆုံးဖြတ်ထားပြီးဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ အခြားနိုင်ငံများမှ တပ်ဖွဲ့ဝင်များကို ရုပ်သိမ်းရန်အတွက်လည်း စက်တင်ဘာလကုန်တွင် စတင်ဆွေးနွေးမှုများ ပြုလုပ်မည်ဖြစ်ကြောင်းလည်း ဘူလ်ဂေးရီးယားဝန်ကြီးချုပ်အသစ် ဆာဂျီစတာနီရှိဗ်က ပြောကြားသည်။

ဘူလ်ဂေးရီးယားတပ်ဖွဲ့ဝင်များအီရတ်မှရုပ်သိမ်းသွားမည်ဖြစ်သော်လည်း အခြားနည်းလမ်းများဖြင့် အီရတ်နိုင်ငံတည်ငြိမ်ရေးနှင့် လုံခြုံရေးများကို အထောက်အကူပေးသွားမည်ဖြစ်သည်။ ယင်းတို့မှာ အီရတ်စစ်ဘက်နှင့် ရဲတပ်ဖွဲ့ဝင်များအား လေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ကျောက်ဆည် အမှတ်(၀၂၀)ဖွဲ့နုဆီစက်နှင့် အမှတ်(၀၉၀)ဆန်စက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် သွားရောက်ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၅

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အုန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် သြဂုတ်၂၁ရက် မွန်းလွဲခန့်ရီနွဲက ကျောက်ဆည်မြို့ အနောက်ဘက် ၃မိုင် ၄ဖာလုံခန့်အကွာ ကျောက်ဆောက်ကုန်း ကျေးရွာသွား ကားလမ်းဘေး မိုးကြိုးကုန်းကျေးရွာအနီး တည်ဆောက်ထားသော တစ်နေ့ ဆီကြမ်း တန်၅၀နှင့် ဆီသန့် ၁၀တန်ကျ အမှတ်(၀၂၀) ဖွဲ့နုဆီစက်နှင့် တစ်နေ့တန် ၅၀ကျ အမှတ်(၀၉၀)ဆန်စက်သို့ ရောက်ရှိကြသည်။

ရေးဦးစွာ တိုင်းမှူးအား အမှတ်(၀၂၀)ဖွဲ့နုဆီစက် အစည်းအဝေးခန်းမတွင် စက်ရုံမှူး ဦးတင်သက်မိုးက စက်ရုံဆိုင်ရာ အချက်အလက်များနှင့် ကုန်ကြမ်းဖွဲ့ရရှိမှု၊ ဘဏ္ဍာနှစ်အလိုက် စက်လည်ပတ်၍ ဆီကြမ်းနှင့် ဆီသန့်ထုတ်လုပ်မှုအခြေအနေများနှင့် အမှတ်(၀၉၀) ဆန်စက် စက်ရုံမန်နေဂျာ ဦးဇေယျာဆွေက ဆန်စက်လည်ပတ်မှုအခြေအနေများကို လည်းကောင်း၊ ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အုန်းက ကျောက်ဆည်မြို့ဝန်းကျင်ရှိ ဆန်စက်များနှင့် ဖွဲ့နုရရှိနိုင်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြရာ တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် ဖွဲ့နုဆီစက်မှ ထုတ်လုပ်ထွက်ရှိသည့် ဆီကြမ်းနှင့် ဆီသန့်နမူနာများကိုလည်းကောင်း၊ ဆီကြမ်းစက်ရုံနှင့် ဆီသန့်စက်ရုံအတွင်း စက်လည်ပတ်မောင်းနှင်နေမှု **(အပေါ်ပုံ)** ကို လည်းကောင်း၊ အမှတ်(၀၉၀)ဆန်စက်အတွင်း စက်လည်ပတ်မှု၊ ကြိတ်ခဲ့ပြီး ဆန်နှင့် စပါးများသိုလှောင်ထားရှိမှုကိုလည်းကောင်း လုည့်လည်ကြည့်ရှုစစ်ဆေးပြီး အလေအလွင့်မရှိစေရေးနှင့် မီးဘေးအန္တရာယ် သတိရှိရေးလိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

အမေရိကန်၌ ကက်ထရီနာမုန်တိုင်းတိုက်ခတ်ခဲ့မှု လူထောင်ပေါင်းများစွာသေဆုံးမည့်အန္တရာယ် ခြိမ်းခြောက်ခံနေရ

နယူးအော်လင်းစ် စက်တင်ဘာ ၅

အမေရိကန်နိုင်ငံတောင်ပိုင်း ပင်လယ်ကွေ့တွင် သြဂုတ်၂၉ရက်မှစတင်ပြီး တိုက်ခတ်ခဲ့သော ကက်ထရီနာမုန်တိုင်းတိုက်ခတ်မှုကြောင့် လူထောင်ပေါင်းများစွာ အပျက်အစီးများကြားတွင် သေဆုံးမည့် ခြိမ်းခြောက်မှုကိုခံနေကြရကြောင်း၊ နယူးအော်လင်းစ် တိရစ္ဆာန်ရုံတစ်ရုံတည်းမှ တိရစ္ဆာန်ကောင်ရေ ၁၄၀၀ သေဆုံးသွားပြီဖြစ်ကြောင်း အင်တာနက်သတင်းတစ်ရပ်က စက်တင်ဘာ ၅ရက်၌ ဖော်ပြသည်။

နယူးအော်လင်းစ်မြို့၏ လူသိများ ကျော်ကြားသော အော်ဒူဘွန် တိရစ္ဆာန်ရုံသည် ကဲကောင်းထောက်မစွာဖြင့် မြို့၏ အမြင့်ဆုံးနေရာတွင် တည်ရှိသည်။ ယင်းတိရစ္ဆာန်ရုံသည် မုန်တိုင်းကြောင့် ရေကြီးမှုဒဏ် မခံရသော်လည်း မုန်တိုင်းကြောင့် သစ်ပင်ကြီးများ ကျိုးကျကာ ၅၂ဧက ကျယ်ဝန်းသော မြေပြင်တစ်လျှောက်လုံး အကိုင်းအခက်များ၊ အပျက်အစီးများ ပြန့်ကျဲသွားခဲ့သည်ဟု ဆိုသည်။

အမေရိကန်နိုင်ငံ လူဝီစီယားနားပြည်နယ် နယူးအော်လင်းစ်တွင် ကက်ထရီနာမုန်တိုင်းတိုက်ခတ်ပြီး တံတားတစ်စင်းပေါ်၌ ပိတ်မိနေသည့် မော်တော်ယာဉ်များကို စက်တင်ဘာ ၅ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကယ်ဆယ်မှုများ

ယင်းမုန်တိုင်းကြောင့် လူအများစုမှာ အစားအစာနှင့် ရေပြတ်လပ်မှုနှင့် ကြုံနေရသည်။ ကက်ထရီနာ ဟာရိကိန်းဒဏ် အများဆုံးခံရသည့် နယူးအော်လင်းစ်ဒေသ၌ ကယ်ဆယ်ရေးအဖွဲ့ဝင်များက အသက်ရှင် ကျန်ရစ်သူများအား တစ်အိမ်တက်ဆင်းရှာဖွေကယ်ဆယ်မှုများ ပြုလုပ်လျက်ရှိသည်။

လုံခြုံမှု

ယင်းမုန်တိုင်းကြောင့် လူဝီစီယားနားဒေသ၊ ဗီးလိုဗီးမှ ကင်းမဲ့လျက်ရှိရာ အာဏာပိုင်များက လုံခြုံမှု ပြန်လည်ရရှိစေရန် ကြိုးပမ်းလျက်ရှိသည်။

စေလွှတ်ထား

နယူးအော်လင်းစ်သို့ တပ်ဖွဲ့ဝင် ၅၇၀၀၀ကိုဥပဒေစိုးမိုးရေးနှင့် သီတင်းတစ်ပတ်ကြာ သောင်တင်မျှောနေသော ဒုက္ခသည်များအား ကယ်ဆယ်ရန် စေလွှတ်ထားကြောင်းသိရသည်။

ယခုအခါ ရဟာတ်ယာဉ်၁၅၀ နှင့် စက်လေ့ ၃၀၀ခန့်က လူပေါင်း ၁၀၀၀၀ ကျော်ကို ကယ်ဆယ်ခဲ့ပြီး ဖြစ်ကြောင်း၊ လူဝီစီယားနားနှင့် ၅၀၀၀ ခန့်၊ တက္ကဆက်ပြည်နယ်၌ လူပေါင်း ၃၅၀၀၀ခန့် တဲအိမ်များ၌ ရှိနေကြောင်း လူဝီစီယားနားလုံခြုံရေးနှင့် အရေးပေါ်ရုံးမှ ဗိုလ်မှူးကြီးပက်တီရှ နိုက်ဒါက ပြောဆိုသည်။

အဆိုးရွားဆုံး

အမေရိကန်ပြည်ထောင်စု၏ အဆိုးရွားဆုံးသော သဘာဝဘေး အန္တရာယ် မုန်တိုင်းတိုက်ခတ်မှုဘေး ဒုက္ခကြုံရရှိခဲ့၌ လူသတ်မှုများ၊ ခိုးဆိုးတိုက်ခိုက်မှုများနှင့် မီးရှို့မှုများ ပါဝင်နေကြောင်း၊ အစိုးရတာဝန်ရှိသူများက သေဆုံးသူများအား အတည်ပြုရန် လိုက်လံရှာဖွေနေဆဲဖြစ်ကြောင်း၊ ရောဂါဖြစ်ပွားမှု အန္တရာယ်များ တားဆီးရန် ဆောင်ရွက်နေကြောင်း ကျန်းမာရေးဆိုင်ရာ အတွင်းရေးမှူး မိုက်ကယ်လီဗစ်က ပြောကြားသည်။ **(အင်တာနက်)**

အင်းစိန် အလက(၁၀) မိဘ ဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချန်ဆုပေးပွဲကို သြဂုတ် ၂၈ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီးဦးလှရောက အဌမတန်း ပထမဆုရ မနင်းမာလာကြည်အား ဆုချီးမြှင့်စဉ်။ (၀၄၆)

အမျိုးသားအဆင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ သုတေသနကျင့်ဝတ် အလုပ်ရုံဆွေးနွေးပွဲဖွင့်

ရန်ကုန် စက်တင်ဘာ ၅

ကျန်းမာရေး ဝန်ကြီးဌာနနှင့် ကမ္ဘာကျန်းမာရေးအဖွဲ့တို့ ကြီးမှူးကျင်းပသော အမျိုးသားအဆင့် မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ သုတေသန ကျင့်ဝတ်အလုပ်ရုံ ဆွေးနွေးပွဲဖွင့်ပွဲကို ယနေ့နံနက် စာသင်ရိုက ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ကမ္ဘာကျန်းမာရေးအဖွဲ့ ခေတ္တဌာနေကိုယ်စားလှယ် ဒေါက်တာ Stephen P. Jost နှင့် တာဝန်ရှိသူများ၊ အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးကြမည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြင်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ကမ္ဘာကျန်းမာရေးအဖွဲ့ ခေတ္တဌာနေကိုယ်စားလှယ် ဒေါက်တာ Stephen P. Jost က အမှာစကားပြောကြားပြီး ဖွင့်ပွဲကို ရုပ်သိမ်းလိုက်သည်။

ဆွေးနွေးမည်

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့မှ စက်တင်ဘာရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဆွေးနွေးပွဲတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများ၊ ဆေးပညာရှင် မဟုတ်သော အမျိုးသမီးဝန်ထမ်းများ တက်ရောက်ဆွေးနွေးကြမည်ဖြစ်သည်။ **(သတင်းစဉ်)**

အထက(၂)ပန်းဘဲတန်း မြတ်ဆရာ ပူဇော်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၅

အထက(၂) ပန်းဘဲတန်း ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၇ရက်(တနင်္ဂနေ့) နံနက် ၉နာရီတွင် ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ပူဇော်ပွဲဖြစ်မြောက်ရေးအတွက် အဆိုပါကျောင်းတွင် တာဝန်ထမ်းဆောင်သွားခဲ့ကြသည့် ဆရာဆရာမဟောင်းများနှင့် ကျောင်းသား ကျောင်းသူဟောင်းများသည် ကျောင်းအုပ်ဆရာမကြီး ဒေါ်အမာကြည် ဖုန်း-၃၇၆၈၇၅၊ ကိုသန်းဆွေ ဖုန်း-၂၈၀၀၁၅၊ ကိုခင်မောင်ဝင်း ဖုန်း-၀၉၉၉ ၇၄၁၆၅ ၊ ကိုလှရွှေ ဖုန်း-၀၉ ၅၁၀ ၃၂၉၆ နှင့် မစန်းစန်းသိန်း ဖုန်း-၃၇၆၇၉တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

အနာဂတ်အပြေ လူငယ်တွေ

❑ ဒီကနေ့ မြန်မာလူငယ်
မြင်ကြတယ်မဟုတ်လား။
ဗြိုင်လိုက်ရင် ဗိုလ်မထားပါဘူး
နိုင်စိတ်ကို ရင်ဝယ်ထားပါလို့
ရခဲ့ဖလား။

❑ အများရဲ့ရှေ့တွင်
အောင်ပွဲဆင် စဉ်မပြတ်
ပေါ်ပေါ်လွင် ထင်လာအမြတ်က
မြန်မာ့စိတ်ဓာတ်။

❑ လူစွမ်းအား အရင်းအမြစ်
ထွန်းသစ်ဖို့ ကြိုးပမ်းရာ
အဖြေဟာ ဘယ်လိုလဲ၊
မေးလာရင် တွေးကာချင့်နိုင်ဖို့
အသင့်ပြင်နိုင်ပါတဲ့
ဒို့မြန်မာလူငယ်တစ်သိုက်ရဲ့
ထိုက်ထိုက်တန် ထပ်ထပ်ကဲကာပ
ရရှိလာ အောင်နိုင်ပွဲကို
ပြလိုက်မှာပဲ။ ။

ပျံလွှား

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ဘားအံ-ကော့ကျိုက်-ကော့ပရဲ-စာသပြင်-အဖြောင့်လမ်း တိုးချဲ့ဖြည်နေမှုကို ကြည့်ရှု စစ်ဆေးစဉ်။ (ဆောက်လုပ်ရေး)

ဝန်ကြီး ဗိုလ်ချုပ်စောထွန်း လမ်း၊ တံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး လုပ်ငန်းများ စီမံချက်အတိုင်း ထိထိရောက်ရောက်ဆောင်ရွက်ရန် မှာကြား

ရန်ကုန် စက်တင်ဘာ ၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းသည် တာဝန်ရှိသူများလိုက်ပါ၍ စက်တင်ဘာ ၃ ရက်တွင် မော်လမြိုင်ဖြို့မှ စာသပြင်-အိန္ဒု-ဘားအံလမ်း လမ်းတစ်လျှောက်ရှိ လမ်း၊တံတားလုပ်ငန်းများ ဆောင်ရွက်ထားရှိရာကိုကြည့်ရှုကာ မိုင်တိုင်(၁၁/၇)၌ ကတ္တရာထပ်ပိုးလွှာတင်ကာ ခင်းကြိတ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ ဘားအံခရိုင် အင်ဂျင်နီယာမှူး ဦးတင်ဆောင်ကလမ်းလုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် လမ်းအခြေအနေကို ရှင်းလင်းတင်ပြပြီး ထပ်ပိုးလွှာတင်ရာတွင် သတ်မှတ်စံချိန်စံညွှန်နှင့်အညီ ခင်းကြိတ်ရန်နှင့် လမ်းအဆင့်နိမ့်ကျမသွားအောင် ပုံမှန်ထိန်းသိမ်းဆောင်ရွက်သွားရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက်ဝန်ကြီးနှင့်အဖွဲ့သည် ဘားအံ-ကော့ကျိုက်-ကော့ပရဲ-စာသပြင်-အဖြောင့်လမ်း၏ လမ်း၊ တံတားလုပ်ငန်းများ မိုးတွင်းကာလ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး၍ မိုင်တိုင်(၁၃/၁)၌ ကျောက်ထပ်ပိုးလွှာတင် ခင်းကြိတ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက လမ်းသားရေကျော်သည် နေရာများကို တာပေါင်ဖြင့်၍ ကတ္တရာလမ်းအဆင့်အထိ ဆက်လက်ဆောင်ရွက်သွားရန်၊ လမ်းအင်္ဂါရပ်နှင့်အညီ ဆောင်ရွက်ရန် မှာကြားသည်။

ဝန်ကြီးသည် စက်တင်ဘာ ၄ ရက်တွင် သံလွင်တံတား(မော်လမြိုင်) မတ္တမဘက်ကမ်း စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ မော်လမြိုင်ခရိုင်၊ သထုံခရိုင်နှင့် လမ်းဆောက်လုပ်ရေးအထူးအဖွဲ့(၉)တို့မှ သက်ဆိုင်ရာတာဝန်ခံ အင်ဂျင်နီယာများက ရန်ကုန်-မော်လမြိုင်-မြိတ်လမ်း (စစ်တောင်း-မုတ္တမ)အပိုင်း မိုင်တိုင် (၁၁၆/၇)မှ (၁၈၈/၅)အတွင်း လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက မိုးကာလအတွင်း မိမိတာဝန်ယူ ရသော လမ်း၊ တံတားများ ပျက်စီးမှုကို အမြစောင့်ကြည့်ထိန်းသိမ်းရန်၊ ပွင့်လင်းရာသီတွင် လျှာထားသည့် လုပ်ငန်းစီမံချက်အတိုင်း ထိထိရောက်ရောက် ဆောင်ရွက်သွားကြရန်တို့ကို မှာကြားပြီး တင်ပြချက်များ အပေါ် လိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးပေးသည်။ ထို့နောက် ဝန်ကြီးသည် လမ်း လုပ်ငန်းဆောင်ရွက်ထားမှုများကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေး၍ စစ်တောင်းတံတား (မပ္ပလင်) တည်ဆောက်ရေးလုပ်ငန်းခွင်ကို ဝင်ရောက် ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များကို မှာကြားသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်-ပဲခူးခြောက်လမ်းသွားလမ်းအပိုင်းများကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘုရင့်နောင်ဈေး စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၅

ရန်ကုန်တိုင်း မရမ်းကုန်းဖြို့နယ် ဘုရင့်နောင်ဈေး၏ တတိယအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ဈေးတာဝန်ခံရုံးနှင့် ဈေးသာယာရေးအဖွဲ့က ကြီးမှူးပြီး စက်တင်ဘာ ၁၅ရက် (ကြာသပတေးနေ့) နံနက် ၉နာရီတွင် စုပေါင်းသွေးလှူဒါန်းကြမည်ဖြစ်သည်။

သွေးလှူဒါန်းလိုသူများသည် ဈေးသာယာရေးရုံးခန်း၊ ဈေးသာယာရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလှအေး ဖုန်း-၇၂၆၂၆၉နှင့် အတွင်းရေးမှူး ဦးခင်မောင်လွင် ဖုန်း-၇၂၈၄၆၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

စစ်ချောင်းမြို့နယ် အမှတ်(၆) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၄-၂၀၀၅ခုနှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချန်ဆုပေးပွဲကို ဩဂုတ် ၂၈ ရက်က ကျင်းပရာ ဒုတိယတန်းမှ ပထမဆုရသူ မအိင်ဖူးအား ကျောင်းအုပ်ဆရာကြီး ဦးအေးက ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (၁၂၉)

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း နှစ်ပတ်လည် အခမ်းအနားကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၅

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCPA)၏ ၂၀၀၄-၂၀၀၅ခုနှစ်အတွက် နှစ်ပတ်လည် အခမ်းအနားကို စက်တင်ဘာ၁၀ ရက်နံနက် ၈ နာရီက ရန်ကုန်ဖြို့ လှိုင် တက္ကသိုလ် နယ်မြေရှိ MICT Park တွင် ကျင်းပမည်ဖြစ်ရာ အသင်းသားများ စုံညီစွာ တက်ရောက်နိုင်ရန် ဖိတ်ကြားနိုးဆော်ထားသည်။

နှစ်ပတ်လည် အခမ်းအနား အထိမ်းအမှတ်အဖြစ် ကွန်ပျူတာ နည်းပညာနှင့်ပတ်သက်သော ဟောပြော ဆွေးနွေးပွဲများကို စက်တင်ဘာ ၉ရက်နှင့် ၁၀ ရက်နေ့များတွင် MICT Park တွင်နှစ်ရက်ကြာ ကျင်းပမည်။

ဟောပြော ဆွေးနွေးပွဲများ၏ ပထမနေ့ နံနက်ပိုင်းအစီအစဉ်တွင် အိုင်တီမဟုတ်သော အခြားလုပ်ငန်းကဏ္ဍများမှ လုပ်ငန်းရှင်များ၊ ပညာရှင်များကို ဖိတ်ခေါ်၍ အိုင်တီသုံးစွဲမှု ဆွေးနွေးပွဲများ၊ ညနေခင်းဒုတိယပိုင်း အစီအစဉ်တွင် အိုင်တီလောကသားများ၏ စကားပိုင်း၊ ဒုတိယနေ့တွင် အိုင်တီပညာရှင်များက ဦးဆောင်၍ နည်းပညာဆွေးနွေးပွဲများ ကျင်းပကြမည်ဖြစ်သည်။

ထို့ပြင် MCPAအသင်းနှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် မိတ်ဆုံညစာစားပွဲကို စက်တင်ဘာ ၉ ရက်ညနေပိုင်းတွင် ကျင်းပမည်ဖြစ်ရာ ယင်းညစာစားပွဲအတွက် လက်မှတ်များကို ကျပ် ၂၅၀၀ ဖြင့် MICT Park ရန်ကုန် အဆောင် ၄၊ အခန်း ၄၃ရှိ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဖုန်း-၆၅၂၂၇၆ တွင် ဝယ်ယူ ရရှိနိုင်သည်။ **(သတင်းစဉ်)**

အာဆီယံ စီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့အစည်းအဝေးမှ စီမံကိန်း/စီးပွားဒုတိယဝန်ကြီး ပြန်လည်ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၅

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်သည် စက်တင်ဘာ ၂ ရက်မှ ၃ ရက်အထိ ဖိလစ်ပိုင် သမ္မတနိုင်ငံ မနီလာဖြို့၌ ကျင်းပသည့် အာဆီယံ စီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၈)ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

ကြိုဆိုနှုတ်ဆက်

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်အား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီးဦးစီးသာ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**

နီဗွာန်ရောက်ကြောင်း တရားတော်များဟောကြားမည်

ရန်ကုန် စက်တင်ဘာ ၅

၁၃၆၇ ခုနှစ် တော်သလင်းလဆန်း ၈ရက် စက်တင်ဘာ ၁၀ ရက် (စနေနေ့) မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်ဖြို့ လှိုင်ဖြို့နယ်ရှိ လှိုင်မဟာစည် သာသနာ့ရိပ်သာ ဦးစီးပဓာနနာယက လှိုင်မဟာစည်ဆရာတော် ဘဒ္ဒန္တ စန္ဒဝရကလည်းကောင်း၊ ညနေ ၃ နာရီတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ဓ ဝါစကပဏ္ဍိတ ရန်ကုန်ဖြို့ ရန်ကင်းဖြို့နယ်ရှိ မဟာဇေမိပရိယတ္တိ စာသင်တိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တ ပဏ္ဍိတာဘိဝံသ ကလည်းကောင်း ရန်ကုန်ဖြို့ ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံကြီး၌ ဓိဋ္ဌာန်ရောက်ကြောင်း တရားတော်များကို ချီးမြှင့်ဟောကြားတော်မူကြမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂုဏ်ပြုဆုချီးမြှင့်

စက်တင်ဘာ ၅ ရက်က မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းတပ်ဖွဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်နေ့နှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး၏ ဇနီး ဒေါက်တာဒေါ်ညွှန့်ညွှန့် ဦးက ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးရ ကျောင်းသူ တစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်းတပ်ဖွဲ့)

သံနှင့်သံထည်ပစ္စည်း ကိုင်တွယ်သောလုပ်ငန်းစဉ်၌ ထုတ်လုပ်မှုနည်းစဉ် ခေတ်မီတိုးတက်လာ လက်ရာလက်သား ကောင်းမွန်လာသည်နှင့်အမျှ ပြည်ပဈေးကွက်အထိ တက်လှမ်းနိုင်မည်သေချာ

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် မန္တလေး၊ မုံရွာ၊ တောင်ကြီး (အေးသာယာ) စက်မှုစုန်များရှိ သံရည်ကျွေစက်ရုံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ အမှတ်(၁) စက်မှု ဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

✡ ရှေ့ဖုံးမှ

နိုင်ငံတော်၌ ဖွဲ့စည်းထူထောင်ထားသည့် ပုဂ္ဂလိကစက်မှုနုန်များအနက် မန္တလေး၊ မုံရွာနှင့် အေးသာယာ(တောင်ကြီး)စက်မှုဇုန်သုံးဇုန်၌ ခေတ်မီ Foundry Shop၊ Press Shop၊ Forging Shop၊ Heat Treatment Shop နှင့် Machine Shop တို့ထူထောင်ပြီးဖြစ်၍ ယခုအခါ စက်ပစ္စည်း အစိတ်အပိုင်းများနှင့် သံထည်ပစ္စည်းများကို စတင်ထုတ်လုပ်နေပြီဖြစ်ကြောင်း၊ ယခုကဲ့သို့ ခေတ်မီသံနှင့် သံထည်ပစ္စည်းကိုင်တွယ်မှုလုပ်ငန်းကို အခြေခံကျကျ ရင်းနှီးထူထောင်နိုင်ခြင်းသည် နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးမှုအတွက်သာမက ပုဂ္ဂလိက စက်မှုလုပ်ငန်းအတွက် ကြီးမားသည့် တိုးတက်မှုအလှည့်အပြောင်းလည်း ဖြစ်ကြောင်း။

အဆိုပါ စက်မှုဇုန်သုံးဇုန်ရှိ ခေတ်မီ သံရည်ကျွေမီးဖိုတစ်လုံးစီသည် တစ်နေ့လျှင် သံထည်တန် ၈၀၀ ကျော် ကျွေနိုင်အားရှိသဖြင့် အရည်အသွေးမီသည့် သံထည်ပစ္စည်းများကို များများစားစား မြန်မြန်ဆန်ဆန် ထုတ်လုပ်နိုင်အား ရှိနေပြီဖြစ်ကြောင်း။

ယင်းသံရည်ကျွေလုပ်ငန်းနှင့် တွဲဖက်ပြီး တစ်ပါတည်း တည်ထောင်ထားသည့် စက်အမျိုးမျိုးကို အသုံးပြုပြီး သွန်းလောင်းရရှိသည့် သံထည်ပစ္စည်းများကို လိုအပ်သလိုအနုစိတ် စက်ခုတ်စား၊ ပုံဖိ၊ ပုံဖော်ဖြတ်တောက်နိုင်ကြောင်း၊ အမာတင်လုပ်ငန်း (Heat Treatment) ကိုလည်း ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း။

အထူးအရေးကြီး

ထို့ကြောင့် စက်ရုံများ အပြည့်အဝလည်ပတ်နိုင်ရေးအတွက် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများဖြစ်သော သံတို၊ သံစနှင့် သံစိမ်းရရှိရေး၊ အဆင့်မြင့် သံထည်ထုတ်လုပ်နိုင်ရန်အတွက် ဓာတ်ကူပစ္စည်းများ ဝယ်ယူရရှိရေး၊ ထုတ်ကုန်ပစ္စည်း အရည်အသွေးမီရေးတို့ကိုလည်း အချိန်နှင့်တစ်ပြေးညီ ဆက်စပ်လုပ်ကိုင်သွားရမှာဖြစ်ကြောင်း၊ ထို့အပြင် ကျွမ်းကျင်လုပ်သားရရှိရေး၊ လုည့်ပတ်ငွေကြေးရရှိရေးနှင့် ဈေးကွက်ရရှိရေးတို့သည်လည်း အထူးအရေးကြီးသော ကိစ္စများ ဖြစ်ကြောင်း။

ယင်းလုပ်ငန်းများကို နိုင်နိုင်နင်းနင်း ဆက်စပ်ညှိနှိုင်းဦးစီးဦးဆောင်လုပ်သွားမည့် စက်ရုံ၁၊ရိုက်တာအဖွဲ့(သို့)အုပ်ချုပ်မှုအဖွဲ့ကို ထူထောင်ဖွဲ့စည်းထားနိုင်ရန် မိမိအနေဖြင့် တွန်းအားပေးခဲ့ခြင်းဖြစ်ကြောင်း၊ အဲဝင့်ခွင်ကျသော စက်ရုံ၊ အလုပ်ရုံအုပ်ချုပ်မှုပုံသဏ္ဌာန်ကို အခြေချပုံဖော်ပေးနိုင်ရမှာဖြစ်ကြောင်း။

သို့မဟာ တည်ထောင်ထားသော သံရည်ကျွေစက်ရုံလုပ်ငန်းများမှာ စဉ်ဆက်မပြတ် အပြည့်အဝလည်ပတ်ပြီး အကျိုးအမြတ်ရရှိလာမှာဖြစ်ကြောင်း၊ ရင်းနှီးထူထောင်ရကျိုးနပ်မှာဖြစ်ကြောင်း။

လောလောဆယ်ရရှိထားသည့် ကိန်းဂဏန်းများအရ သံရည်ကျွေစက်ခုတ်စား၊စက်ရုံများ၏ ထုတ်လုပ်သွားမည့် အလားအလာမှာ အားရဖွယ်ရာ ရှိကြောင်း၊ မန္တလေး၊စက်မှုဇုန်က စက်ပစ္စည်း အမယ်ကိုးမျိုး၊ တန်ချိန်အားဖြင့် ၁၂၀၀ နီးပါးခန့်ကိုလည်းကောင်း၊ မုံရွာစက်မှုဇုန်က စက်ပစ္စည်းအမယ် ၂၉ မျိုး၊ တန်ချိန်အားဖြင့် ၈၅၀ ကျော်ခန့်ကိုလည်းကောင်း၊ အေးသာယာစက်မှုဇုန်က စက်ပစ္စည်းအမယ် ၄၉ မျိုး၊ တန်ချိန်အားဖြင့် ၇၈၀ ကျော်ခန့်ကိုလည်းကောင်း ပထမတစ်နှစ်အတွင်း ထုတ်လုပ်သွားကြမည်ဟု ဆိုကြောင်း။

ပိုမိုထုတ်လုပ်

ခြိုလိုက်လျှင် သံရည်ကျွေ၊ ပုံလောင်း၊ ပုံထောင်းစက်ရုံများကြောင့် လက်တွန်း၊ထွန်စက်၊ ရိတ်သိမ်းစက်၊ ခြွေလှေ့စက်၊ အခြောက်ခံစက်၊ ရေစုပ်စက်၊ ရေပန့်၊ လျှပ်စစ်တာဘိုင်စက်ငယ်များအတွက် စက်ကိရိယာအစိတ်အပိုင်းများနှင့် အခြားစက်ကိရိယာများကို များများစားစား၊ မြန်မြန်ဆန်ဆန် အရည်အသွေးကောင်းကောင်း ထုတ်လုပ်သွားနိုင်မှာဖြစ်ပြီး စက်မှုလယ်ယာစနစ်အတွက် လိုအပ်သည့် လယ်ယာသုံးစက်ကိရိယာပစ္စည်းများ ပိုမိုထုတ်လုပ်ပေးသွားနိုင်မှာ ဖြစ်ကြောင်း။

တစ်ဆက်တည်းမှာပင် လယ်ယာကဏ္ဍကို အထောက်အကူပြုသည့် စက်မှုလုပ်ငန်းများအပြင် လယ်ယာထွက်ကုန်များကို အခြေခံသည့် စက်မှုလုပ်ငန်းများ၊ မော်တော်ယာဉ်ထုတ်လုပ်သည့် စက်မှုလုပ်ငန်းများ၊ စက်ပစ္စည်း အစိတ်အပိုင်းထုတ်လုပ်သည့် စက်မှုလုပ်ငန်းများသည် သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းများအဖြစ် ပီပြင်စွာ တိုးတက်ဖြစ်ပေါ်လာမှာဖြစ်ကြောင်း။

မျှော်မှန်း

ထို့ကြောင့် ယခုတပ်ဆင်ထူထောင်ပြီးသည့် ခေတ်မီသံထည်ပစ္စည်းစက်ရုံများ စနစ်တကျလည်ပတ်ရေးကို စဉ်းစားဆောင်ရွက်သကဲ့သို့ ပြည်ပဈေးကွက်အထိ ထိုးဖောက်နိုင်မည့် ပိုမိုတိကျသပ်ရပ်သော လက်သားကောင်းသည့် စက်ပစ္စည်း အစိတ်အပိုင်းများ၊ သံထည်ပစ္စည်းများကို ထုတ်လုပ်နိုင်အောင် မည်သည့်စက် ပစ္စည်းများ ထပ်မံဝယ်ယူပြီး တပ်ဆင်မည်ဆိုသည့် အနာဂတ်နှင့် ယှဉ်၍ စီးပွားရေးအရ၊ နည်းပညာအရ စဉ်းစားဆုံးဖြတ်သွားရမည့် ကိစ္စများလည်း ရှိကြောင်း၊ သို့မဟာ အီလက်ထရောနစ်နည်းပညာနှင့် ပေါင်းစပ်ပြီး (Automation) အဆင့်၊ နိုင်ငံတကာအဆင့် တက်လှမ်းနိုင်မှာဖြစ်ကြောင်း၊ သွင်းကုန်အစားထိုးစက်မှုလုပ်ငန်းအဆင့်မှ ပြည်ပပို့ကုန်စက်မှုလုပ်ငန်းအဆင့်ကို ကူးပြောင်းနိုင် မှာဖြစ်ကြောင်း၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များသည် ယခုကဲ့သို့ လက်တွေ့ကျသော အနာဂတ်နှင့်ယှဉ်ပြီး မြင့်မားသည့် မျှော်မှန်းချက်မျိုး ထားရှိနိုင်ရန် အရေးကြီးကြောင်း။

ဤနေရာ၌ သံရည်ကျွေပြီးသည့် သံထည်ပစ္စည်းအမျိုးမျိုးကို အရေအတွက်များများ၊ အရည်အသွေး တစ်သမတ်တည်း မြန်မြန်ဆန်ဆန် ထုတ်လုပ်နိုင်ရန်အတွက် မိုနှင့်ဒိုင် စက်မှုလုပ်ငန်းမှာ မရှိမဖြစ်အရေးပါလာကြောင်း၊ အကြမ်းအားဖြင့် ခေတ်မီပုံသွန်းလောင်းသည့် ပုံစံခွက်ထုတ်လုပ်နိုင်မှလည်း သံရည်ကျွေ စက်မှုလုပ်ငန်းအတွက် အကျိုးများပြီး လိုအပ်သော သံထည်ပစ္စည်းများ၊ စက်ကိရိယာပစ္စည်းများကို များများစားစား ပုံစံတကျ ထုတ်လုပ်သွားနိုင်မှာဖြစ်ကြောင်း၊ သံရည်ကျွေလုပ်ငန်း၊ မိုနှင့်ဒိုင်လုပ်ငန်း၊ စက်ခုတ်စားလုပ်ငန်းတို့သည် အပြန်အလှန်မှီခိုနေရသည့် တွဲဖက်စက်မှုလုပ်ငန်းများဖြစ်ကြောင်း။

ထည့်သွင်းသုံးစွဲ

ပြည်တွင်း၌ မိုနှင့်ဒိုင်များ ထုတ်လုပ်နိုင်မှလည်း စက်ကိရိယာအစိတ်အပိုင်းအမျိုးမျိုး၊ ဆောက်လုပ်ရေးပစ္စည်းအမျိုးမျိုး၊ လူသုံးပစ္စည်းအမျိုးမျိုးကို ပုံစံသွန်းလောင်းထုတ်လုပ်နိုင်မှာဖြစ်ကြောင်း၊ သို့ရာတွင် ပြည်တွင်း၌ မိုနှင့်ဒိုင် ထုတ်လုပ်ရန်အတွက် စက်ကိရိယာပစ္စည်းများအပြင် ကျွမ်းကျင်သော အင်ဂျင်နီယာနှင့် ပညာရှင်များလိုအပ်သည့်အတွက် ဖွံ့ဖြိုးဆဲနိုင်ငံအများအပြားတွင် ပြည်ပမှပင် မိုနှင့်ဒိုင်များကို တင်သွင်းသုံးစွဲနေကြရခြင်းဖြစ်ကြောင်း။

နိုင်ငံတော်၏စက်မှုလုပ်ငန်းများနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် မိုနှင့် ဒိုင်များအကြောင်းကို အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

စက်မှုလုပ်ငန်းသုံး အရည်အသွေးမြင့် သံမဏိနှင့် သတ္တုစပ်သံမဏိများ ထုတ်လုပ်ရေးဆောင်ရွက်ထားရှိမှုအခြေအနေကို သံနှင့်သံမဏိထုတ်လုပ်မှုဖွံ့ဖြိုးရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အရည်အသွေးမြင့်မားသည်ထက်မြင့်မားအောင်တီထွင်ကြံဆ

ပြီးခဲ့သော ၂၀၀၁–၂၀၀၂ မှ ၂၀၀၄–၂၀၀၅ ခုနှစ်အထိ လေးနှစ်ကာလ အတွင်း၌ စက်မှုကဏ္ဍသည် တစ်နှစ်ပျမ်းမျှ ၂၄ ဒသမ ၃၅ ရာခိုင်နှုန်းခန့် အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့၊ ယခုနှစ် ၂၀၀၅–၂၀၀၆ ခုနှစ်တွင်လည်း အရှိန်အဟုန်မကျစေဘဲ ဆက်လက် တိုးတက်နေအောင် နိုင်ငံတော်အပိုင်းရော ပုဂ္ဂလိကအပိုင်းကပါ ကြိုးစားသွားကြရမည်ဖြစ်၊ စက်မှုထုတ်ကုန်အမယ်ဟောင်းများကို အရည်အသွေးမြင့်မားသည်ထက်မြင့်မားအောင် တီထွင်ကြံဆလုပ်ကိုင်ရမှာ ဖြစ်သကဲ့သို့ ထုတ်ကုန်အမယ်သစ်များကို တိုးချဲ့ထုတ်လုပ်နိုင်အောင်လည်း ကြိုးစား၊ ရည်မှန်းချက်မပျောက်စေဘဲ ဇွဲ၊ လုံ့လ၊ ဝိရိယအားတို့ဖြင့် ပေါင်းစည်းလုပ်ကိုင်။

စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်ရောက်ရှိနေ ပေါင်းစပ်ညှိနှိုင်းမှုကောင်းကောင်းဖြင့် ညီညီညွတ်ညွတ်ကြိုးစားလုပ်ကိုင်

မိမိတို့နိုင်ငံမှာမူ တစ်ဖက်မှ သံရည်ကျိုသံထည်ပစ္စည်းစက်ရုံများ ထူထောင်နေသည့်အချိန်မှာပင် ရွှေပြည်သာစက်မှုဇုန်၌လည်း နိုင်ငံတော်၏ ပံ့ပိုးကူညီမှုဖြင့် (Fair Sun) ကုမ္ပဏီသည် ခေတ်မီမိုနှင့်ဒိုင် စက်မှုလုပ်ငန်းကို ထူထောင်နေရာ အတော်ကို အောင်မြင်နေပြီဖြစ်ကြောင်း။

နည်းပညာလွှဲပြောင်း

ယင်းစက်ရုံက စက်မှုဇုန်များအတွက် လိုအပ်သော မိုနှင့်ဒိုင်များကိုသာမက အခြားစက်ပစ္စည်း အစိတ်အပိုင်းများကို ထုတ်လုပ်ရန်အတွက် လိုအပ်မည့် စက်ကိရိယာများကို ညွှန်ပြသကဲ့သို့ နည်းပညာကိုလည်း လွှဲပြောင်းပေးသွားမှာဖြစ်ကြောင်း။

သံနှင့်သံထည်ပစ္စည်း ကိုင်တွယ်သည့်လုပ်ငန်းစဉ်၌ ထုတ်လုပ်မှုနည်းစဉ် ခေတ်မီတိုးတက်လာသည်နှင့်အမျှ စက်မှုဇုန်များ၏ စက်မှုထုတ်ကုန် အရည်အသွေးသည် စံချိန်မီပြီး ဈေးကွက်အဆင့်ဝင်သွားမှာဖြစ်ကြောင်း၊ လက်ရာလက်သားကောင်းသည်နှင့်အမျှ ပြည်ပဈေးကွက်အထိ တက်လှမ်းနိုင်မှာသေချာကြောင်း။

ထို့ကြောင့် ဆက်စပ်လိုက်ပါက သံရည်ကျိုစက်မှုလုပ်ငန်းများ ထူထောင်ထားသော မန္တလေး၊ မုံရွာနှင့် အေးသာယာစက်မှုဇုန်များသာမက ကျန်ရှိသော စက်မှုဇုန်များသည်လည်း ခေတ်မီသံနှင့်သံထည်ပစ္စည်းကိုင်တွယ်သည့် စက်မှုလုပ်ငန်းနှင့် ဆက်စပ်ပေါင်းစည်းပြီး တိုးတက်လာမှာဖြစ်ကြောင်း။

အရေးကြီးသည်မှာ စက်မှုဇုန်အလိုက်ရှိနေသည့် (Industrial Talent) ကို ရှာဖွေဖော်ထုတ်ပြီး လက်တွေ့ကျကျ အားပေးနိုင်ရန်ဖြစ်ကြောင်း၊ စက်မှုဇုန်အလိုက် တည်ရှိနေသော အတတ်ပညာအား၊ ငွေကြေးအား၊ စက်မှုလုပ်ငန်းအမျိုးအစားအားများကို အခြေခံပြီး အလားအလာကောင်းသည့် စက်မှုလုပ်ငန်းများကို အားပေးနိုင်မှလည်း စက်မှုဇုန်များမှာ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း။

အုံနှင့်ကျင်းနှင့်တိုးတက်လာ

စက်မှုဇုန်အလိုက် ထူးခြားအောင်မြင်နာမည်ရသော စက်မှုထုတ်ကုန် တစ်မျိုး၊ နှစ်မျိုး၊ သုံးမျိုးကို ထုတ်လုပ်လာနိုင်အောင် အားပေးပျိုးထောင်ကြရမှာဖြစ်ကြောင်း၊ သို့မှသာ စက်မှုဇုန်များ အားလုံး တစ်ပြိုင်တည်း တိုးတက်အောင်မြင်လာမှာ ဖြစ်သကဲ့သို့ စက်မှုဇုန်များအကြား ကွာဟချက်ကလည်း လျော့နည်းသွားမှာ ဖြစ်ကြောင်း၊ ပုဂ္ဂလိက စက်မှုလုပ်ငန်းများသည်လည်း အုံနှင့်ကျင်းနှင့် တိုးတက်လာမှာဖြစ်ကြောင်း။

သံနှင့် သံထည်ပစ္စည်းကိုင်တွယ်သည့် စက်မှုလုပ်ငန်းအဆင့်ဆင့် ခိုင်မာအောင်မြင်လာသည်နှင့်အမျှ သွင်းကုန်အစားထိုး စက်မှုလုပ်ငန်း ပီပြင်စွာဖြစ်ပေါ်လာစေရုံသာမက ပို့ကုန်စက်မှုလုပ်ငန်းအဆင့်အထိပါ တိုးတက်လာမှာဖြစ်ကြောင်း။

စံချိန်မီလာ

စက်မှုကုန်ထုတ်ပစ္စည်းများ ထုတ်လုပ်ရာတွင် နိုင်ငံတော်အကြီးအကဲမှာကြားလမ်းညွှန်ထားသည့်အတိုင်း **လက်ရာလက်သားကောင်းမွန်ရမည်၊ သုံးစွဲသည့် သံနှင့်သတ္တုအရည်အသွေးမှန်ကန်ရမည်၊ သပ်ရပ်သေချာတိကျမှုရှိရမည်၊ တီထွင်ကြံဆဆန်းသစ်နေရမည်၊ အမြဲခေတ်မီနေရမည်** ဆိုသည့် လိုက်နာရမည့်အချက်များသည်လည်း လက်တွေ့ကျစွာ ရှင်သန်လာပြီး စက်မှုပစ္စည်းများသည်လည်း နိုင်ငံတကာ သတ်မှတ်ထားသည့်အတိုင်း အရည်အသွေးအဆင့်အတန်း စံချိန်မီလာမှာဖြစ်ကြောင်း။

ပေါင်းစည်းလုပ်ကိုင်သွားကြ

သို့မှသာ နိုင်ငံတော်ကတာဝန်ပေးထားသည့်အတိုင်း နိုင်ငံတော်၏ စက်မှုကဏ္ဍသည် အရည်အသွေးအရရော အရေအတွက်အရပါ အရှိန်အဟုန်ဖြင့် တိုးတက်မြင့်မားလာမှာဖြစ်ကြောင်း၊ ပြီးခဲ့သော ၂၀၀၁-၂၀၀၂ မှ ၂၀၀၄-၂၀၀၅ ခုနှစ်အထိ လေးနှစ်ကာလအတွင်း၌ စက်မှုကဏ္ဍသည် တစ်နှစ်ပျမ်းမျှ ၂၄ ဒသမ ၃၅ ရာခိုင်နှုန်းခန့်ဖြင့် အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့ခြင်းဖြစ်ကြောင်း၊ ယခုနှစ် ၂၀၀၅-၂၀၀၆ ခုနှစ်တွင်လည်း အရှိန်အဟုန်မကျစေဘဲ ဆက်လက်တိုးတက်နေအောင် နိုင်ငံတော်အပိုင်းရော ပုဂ္ဂလိကအပိုင်းကပါ ကြိုးစားသွားကြရမှာဖြစ်ကြောင်း၊ စက်မှုထုတ်ကုန်အမယ်ဟောင်းများကို အရည်အသွေးမြင့်မားသည်ထက်မြင့်မားအောင် တီထွင်ကြံဆလုပ်ကိုင်ရမှာ ဖြစ်သကဲ့သို့ ထုတ်ကုန်အမယ်သစ်များကို တိုးချဲ့ထုတ်လုပ်နိုင်အောင်လည်း ကြိုးစားသွားရမှာဖြစ်ကြောင်း၊ ရည်မှန်းချက်မပျောက်စေဘဲ ခွန်၊ လုံ့လ၊ ဝီရိယအားတို့ဖြင့် ပေါင်းစည်းလုပ်ကိုင်သွားကြရမှာဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုး တိုးတက်စေရန် ၁၉၉၅ခုနှစ်မှစတင်၍ စက်မှုဇုန်များကိုထူထောင်ခဲ့ရာ ယနေ့အထိ စက်မှုဇုန် ၁၈ ခု၊ စက်မှုဇုန်ခွဲပေါင်း ၂၈ခု တည်ထောင်ပြီးဖြစ်ကြောင်း။

ရှင်းလင်းတင်ပြ

အဆိုပါ စက်မှုဇုန်များ၌ စက်မှုလုပ်ငန်းအကြီးစား ၁၅၉၉ ခု၊ အလတ်စား ၂၃၆၄ ခု၊ အငယ်စား ၅၆၁၀ ခု စုစုပေါင်းလုပ်ငန်း ၉၅၇၃ ခု လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပဏာမရှင်းလင်းတင်ပြပြီး စက်မှုဇုန်အလိုက် ဘတ်စ်ကားနှင့် ထရပ်ကားထုတ်လုပ်မှုအခြေအနေ ရေနံချောင်းစက်မှုဇုန်၏ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးဆိုင်ကယ်ထုတ်လုပ်မှုအခြေအနေ၊ CNG မော်တော်ယာဉ်များအဖြစ် ပြောင်းလဲတပ်ဆင်သုံးစွဲမှုအခြေအနေ၊ သုတေသနနှင့်ဖွံ့ဖြိုးရေးအတွက် ပံ့ပိုးသုတေသနနှင့် ဖွံ့ဖြိုးရေးအတွက် ပံ့ပိုးအထောက်အကူပြုနေမှုများ၊ အထူးစက်မှုဇုန်များ ဖွဲ့စည်းထူထောင်ရန် လေ့လာဆောင်ရွက်နေမှုများ၊ ဆပ်ကော်မတီများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ဆက်စပ်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က မန္တလေး၊ မုံရွာနှင့် တောင်ကြီးမြို့နယ် အေးသာယာစက်မှုဇုန် သုံးဇုန်၌ ခေတ်မီသံရည်ကျိုစက်ရုံများ အောင်မြင်စွာ ထူထောင်နိုင်ခဲ့မှုနှင့်အဆိုပါ ခေတ်မီသံရည်ကျိုစက်ရုံသုံးရုံမှစက်ပစ္စည်းများ စတင်ထုတ်လုပ်လျက်ရှိသည့် အခြေအနေများ၊ ခေတ်မီသံရည်ကျိုစက်ရုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ပံ့ပိုးကူညီသွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

အသုံးဝင်မှု

ထို့နောက် အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်က စက်ပစ္စည်းအမျိုးမျိုး၊ ထုတ်ကုန်အမျိုးမျိုးကို အမြောက်အမြား (Mass Production) ထုတ်ရာတွင် မရှိမဖြစ်အရေးပါသည့် မိုနှင့်ဒိုင်များ၏ ကဏ္ဍ၊ မိုနှင့်ဒိုင်များကို အသုံးပြု၍ စက်ပစ္စည်းအမျိုးမျိုးထုတ်လုပ်နိုင်မှုများ၊ မိုနှင့်ဒိုင်များနှင့် ဆက်စပ်လျက် Jigနှင့် Fixture များ၏ အသုံးဝင်မှုများကို ရှင်းလင်းတင်ပြသည်။

အကူအညီပေး

ဆက်လက်၍ သံနှင့်သံမဏိထုတ်လုပ်မှုဖွံ့ဖြိုးရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က အရည်အသွေးမြင့် သံမဏိနှင့်သတ္တုစပ်သံမဏိများ၏ အရည်အသွေးများ၊ အရည်အသွေးမြင့် သံမဏိနှင့်သတ္တုစပ်သံမဏိများ ထုတ်လုပ်ရာတွင် သတိပြုဆောင်ရွက်သင့်သည်များ၊ သတ္တုစပ်သံမဏိထုတ်လုပ်နိုင်သည့် နည်းစဉ်နှစ်မျိုးနှင့် သိကောင်းစရာများ၊ စက်မှုလုပ်ငန်းရှင်များအနေဖြင့် အရည်အသွေးမြင့် သံမဏိနှင့်သတ္တုစပ်သံမဏိများထုတ်လုပ်ရာတွင် ဆပ်ကော်မတီက အကူအညီပေးနိုင်သည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးသောင်းညွန့်က ရော်ဘာအခြေခံစက်မှုလုပ်ငန်းအကြောင်းနှင့် ရော်ဘာပစ္စည်းစက်ရုံက အရည်အသွေးကောင်းမွန်သော ရော်ဘာပစ္စည်းများထုတ်လုပ်လျက်ရှိသည့် အခြေအနေကိုလည်းကောင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ဗဟိုအလုပ်အမှုဆောင် ဦးမြင့်ဇော်က စက်မှုသုတေသနနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်း

ဆက်လက်၍ ရေနံချောင်းနှင့် မုံရွာစက်မှုဇုန်ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌများ၊ မြန်မာ စက်မှုကုန်ထုတ်သူများအသင်းနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတို့မှ တာဝန်ရှိသူများ၊ ရွှေပြည်သာစက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌနှင့် စက်မှုဇုန်အသီးသီးမှ စက်မှုလုပ်ငန်းရှင်များကနိုင်ငံတော်၏ အားပေးပံ့ပိုးမှုကြောင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှုများ၊ ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည်များနှင့် ဖြည့်ဆည်းပေးရန်လိုအပ်သည်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးပြီး စက်မှုကဏ္ဍသည် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်၌ ရောက်ရှိနေပြီဖြစ်၍ ပေါင်းစပ်ညှိနှိုင်းမှုကောင်းကောင်းဖြင့် ညီညီညွတ်ညွတ်ကြိုးစားလုပ်ကိုင်ရန်အရေးကြီးကြောင်းဖြင့် နိဂုံးချုပ်အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေး

လုပ်ငန်းညှိနှိုင်းအစည်းအဝေးအပြီးတွင် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် စက်မှုလုပ်ငန်းရှင်များ လေ့လာနိုင်ရန် အစည်းအဝေးခန်းမ၌ ခင်းကျင်းစီစဉ်ပြသထားသည့် Coil Spring များ၊ လေးပြားအမျိုးမျိုး၊ Piston Pin အမျိုးမျိုး၊ ဆောက်သွား အမျိုးမျိုး၊ ဂေါ်စွယ်၊ ဂေါ်သွား အမျိုးမျိုး၊ Can Shaft အမျိုးမျိုး၊ Connecting Rod အမျိုးမျိုးစသော မြန်မာ့မီးရထား၌ အသုံးပြုလျက်ရှိသည့် အရည်အသွေးမြင့် သတ္တုစပ် သံမဏိသုံးစက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြသည်။

နမူနာပြသ

ဆက်လက်၍ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်းအောက်ရှိ ရော်ဘာပစ္စည်းစက်ရုံက အစိုးရစက်ရုံ/အလုပ်ရုံများ၊ ပုဂ္ဂလိကစက်ရုံ/အလုပ်ရုံများအတွက် ထုတ်လုပ်ပေးခဲ့သည့် ဆီခံရော်ဘာစက် အရန်ပစ္စည်းများ၊ အပူခံရော်ဘာစက် အရန်ပစ္စည်းများ၊ ဆီ အပူခံရော်ဘာစက် အရန်ပစ္စည်းများ၊ ပွတ်တိုက်ခံ အားကောင်းရော်ဘာစက် အရန်ပစ္စည်းများ၊ ရေစိမ်ခံရော်ဘာစက် အရန်ပစ္စည်းများ၊ ဖိအားခံရော်ဘာစက် အရန်ပစ္စည်းများ၊ စက်ဘီးတာယာအရွယ်အစားအမျိုးမျိုးနှင့် ကျွတ်များ၊ ဖိနပ်အောက်ခံရော်ဘာဆိုးလ်များ နမူနာပြသထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်(၂)စက်မှုဝန်ကြီးဌာနအောက်ရှိ စက်ရုံများ၌ အသုံးပြုသော သံပုံထောင်းဒိုင်များ၊ သံသတ္တုထည်များကို အပေါက်ဖောက်သည့် Jig များ၊ မာဇဒါဂျစ် Pin Spring ပုံဖိဒိုင်များ၊ ကူဘိုတာအိတ်ဇော ဆိုင်လင်ဇာပုံဖိဒိုင်များ၊ ထမင်းပေါင်းအိုး၊ လျှပ်စစ်မီးဖိုနှင့် ဇွန်းပုံဖိဒိုင်များ၊ ပလတ်စတစ်ပုံသွင်းမိုများနှင့် ယင်းမို၊ ဒိုင်နှင့် အပေါက်ဖောက် Jig များကို အသုံးပြု၍ ထုတ်လုပ်ထားသည့်ပစ္စည်း နမူနာများကို ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ် ၆-၉-၂၀၀၅ (အင်္ဂါနေ့)	
၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	တေးဂီတအစီအစဉ်
၇:၁၀	Star Album 4 (လူမင်း-ကျန်စစ်မင်းအကြောင်း)
၇:၂၅	တေးဂီတအစီအစဉ်
၇:၃၀	ပြည်တွင်းသတင်းအကျဉ်း
၇:၃၅	ကျေးလက်ဒေသဖွံ့ဖြိုးရေး အတွက် စပါးခွံဓာတ်ငွေ့သုံးစက်
၇:၄၅	တေးဂီတအစီအစဉ်
၇:၅၀	Sunday Talk
၈:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၈:၅၀	ဂုန်လျှော်နှင့် ဂုန်လျှော်ထွက် ပစ္စည်း
၉:၀၅	တေးဂီတအစီအစဉ်
၉:၁၀	လယ်ယာထွန်စက်
၉:၂၅	ပြည်တွင်းသတင်းအကျဉ်း
၉:၃၀	မိုးလေဝသခန့်မှန်းချက်
၉:၃၅	အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်
၉:၄၅	ကျန်းမာရေးအတွက် သန့်(၄)သန့်
၉:၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၀	တေးဂီတအစီအစဉ်
၁၀:၀၅	ဖြူးချောင်းတံတားဆောက်လုပ်ရေး
၁၀:၁၅	တေးဂီတအစီအစဉ်
၁၀:၂၀	UEFA Stories Euro 1980
၁၀:၃၅	တေးဂီတအစီအစဉ်
၁၀:၄၀	အလွမ်းချိုချို(မျိုးစန္ဒီကျော်၊ ရန်ပိုင်စိုး၊ ဇင်မျိုး)
၁၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါလေးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၅-၉-၂၀၀၅

ပုသိမ်	၁ဒသမ၀၇လက်မ
ပဲခူး	၁ဒသမ၀၂လက်မ
ဟားခါး	၀ဒသမ၉၉လက်မ
ပြင်ဦးလွင်	၀ဒသမ၆၃လက်မ
မုံရွာ	၀ဒသမ၂၈လက်မ
ရန်ကုန်(ကမ္ဘာအေး)	၀ဒသမ၂၀လက်မ
အောင်လံ	၀ဒသမ၁၆လက်မ

စာရေးဝန်ထမ်း အရည်အချင်းမြှင့် မွမ်းမံသင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၅

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များ ဦးစီးဌာန စာရေးဝန်ထမ်း အရည်အချင်းမြှင့် မွမ်းမံသင်တန်း အမှတ်စဉ် (၂/၂၀၀၅) ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉နာရီခွဲတွင် ပန်းဆိုးတန်းလမ်းရုံးချုပ် သင်တန်းခန်းမ၌ ကျင်းပရာ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်း တက်ရောက်၍ အမှာစကားပြောကြားပြီး ဖွင့်လှစ်ပေးသည်။ **(က-ပ)**

အာဟာရပြည့်လျှင် ရောဂါစင်၊ ပျော်ရွှင်ကျန်းမာ စိတ်ချမ်းသာ။

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်

(၁-၉-၂၀၀၅ မှ ၇-၉-၂၀၀၅)

မိသားစုတိုင်း အိုင်အိုဒင်းဆားကို စားသုံးပါ။
၆-လမှ ၅-နှစ်အရွယ် ကလေးများကို ဗီတာမင်အေ ဆေးလုံးတိုက်ပါ။
ကိုယ်ဝန်ဆောင်မိခင်များ သံဓာတ်အားဆေးမှီဝဲပါ။
အာဟာရပြည့်ဝသည့် အစားအစာများကို စုံလင်မျှတစွာစားပါ။

unicef

ပြည်သူတွေတိုးတက်လမ်း ကြိုးပမ်းတဲ့ပွဲ

* ညီလေးတို့ဆီမှာ
သာပါစမေး။
ရွာလယ်ကောင်ကျောင်းကွင်း
ဟောသင်းနှင့်လေး။

အရီးလေးအေးသာ
* နေသာပါ့မေး။
ကျေးလက်ရွာ ဆေးပေးခန်းကြောင့်
ရွှင်လန်းပြီလေး။

* ညီလေးတို့လယ်တော
ရေပေါစမေး။
ချစ်ညီငယ်ထွန်ယက်လို့
ယာကွက်ဆို လယ်တစ်ရိုးမှာ
ပျိုးချပြီလေး။

* ဘဘကြီး ဦးမြတ်ရာ
စာတတ်စမေး။
အသုံးလုံး လုပ်အားပေးကြောင့်
ရေးဖတ်ပြီလေး။ ။

မောင်မောင်ခေါ်ဝင်းနောင်(ရွှေဆပ်လူး)

"စာမတတ်သူ ဒိုင်ဝိုင်းကူ"ဟူသော စာတတ်မြောက်ရေးအထိမ်းအမှတ် ဆောင်ပုဒ်နှင့်အညီ ဒေသခံ မိဘပြည်သူများက စာမတတ်သူများကို ဝိုင်းဝန်းကူညီကြသကဲ့သို့ စာသင်ပေးသော ဆရာဆရာမနှင့် ကျောင်းသား၊ ကျောင်းသူများကိုလည်း ဝိုင်းဝန်းစောင့်ရှောက်ကူညီကြပေသည်။ ပညာဒါနပြုသူ လူငယ်မောင်မယ်များကလည်း ဒေသခံမိဘပြည်သူများနှင့် အတူနေ၊ အတူစား၍ ဒေသလုပ်ငန်းများတွင်ပင် တတ်အားသမျှ ဝိုင်းကူကြသည်။

တစ်မျိုးသားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြသော လူထုလှုပ်ရှားမှုတို့သည် အားကြိုးမာန်တက် ဆောင်ရွက်ကြရသည့် လုပ်ငန်းများ သာဖြစ်သည်။ အားထုတ်ကြိုးပမ်းကြသည်နှင့်အမျှ ပင်ပန်းရကျိုးနပ်ခဲ့ပြီ။ အတွေ့အကျုံး၊ ပရအကျိုးများစွာ ဖြစ်ထွန်းခဲ့သည်။ ထို့ကြောင့် စာမတတ်သူ ပရောက်ရေး လူထုလှုပ်ရှားမှုသည် ထိုလုပ်ငန်းကိုသာ ပြီးစီးအောင်မြင်စေသည် မဟုတ်ဘဲ အစဉ်သင်ယူနေသောလူဘောင်ဖြစ်ထွန်းရေး လုပ်ငန်းများကိုလည်း အောင်မြင် ထိရောက်စေသည်။ ပြည်သူလူထုတစ်ရပ်လုံး အမျိုးသားရေး အသိစိတ်ဓာတ်များ တရိန်ရိန် မြင့်မားတိုးပွား ရင့်သန်လာစေသည်။

မြန်မာမျိုးနွယ်စုတို့၏ ခေတ်သမိုင်းကို ပြန်လည်သင်ကြားလာလျှင် တကောင်း၊ ဒိသနိုး၊ သရေခေတ္တရာ၊ ဟန်လင်း၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ ဟောင်ဂူ၊ ညောင်ရမ်း၊ ကုန်းဘောင်ခေတ်များတွင် ပါဠိစာပေ၊ သက္ကတစာပေ၊ မွန်စာပေ၊ ပျူစာပေ၊ မြန်မာစာပေဟူ၍ ပေါ်ပေါက်ခဲ့ကြပြီး ယနေ့တိုင် ဆင့်ကဲဆင့်ကဲ ဆက်လက်တိုးတက်ခဲ့သည်။ မြန်မာစာပေသည် ပုဂံခေတ်မှစ၍ ကျောက်စာအဖြစ် စတင် ဖွံ့ဖြိုးတိုးတက်ခဲ့သည်။

ပင်းယခေတ်၊ အင်းဝခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ် မြန်မာစာပေသည် လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သည်။ သို့ရာတွင် ကုန်းဘောင်ခေတ်နောင်းပိုင်း၌ နယ်ချဲ့တို့၏ ကိုလိုနီရေစီးကြောင်းတွင် နစ်မြုပ်ခဲ့ရသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုကြီးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၆)နှင့် အထူးမှမ်းမံသင်တန်းအမှတ်စဉ်(၇) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ဩဝါဒစကား ဖြွဲကြားရာတွင်–

"ကိုလိုနီလက်အောက် မြန်မာ့ရေးရာကို လေ့လာသုံးသပ်လျှင် ဗိနိုပ်မှု၊ သွေးစုပ်မှု၊ သွေးခွဲအုပ်ချုပ်မှုများ ခံစားခဲ့ရသည့်ကာလဖြစ်ကြောင်း၊ ကိုလိုနီ နယ်ချဲ့စနစ်၏ ဆိုးကျိုးများကို လွတ်လပ်ရေးရပြီးကာလတွင် စတင်ခံစားရကြောင်း၊ နယ်ချဲ့လက်အောက် ကျရောက်ခဲ့ရသည့် ပြည်သူများသည် သူ့ကျွန်ဘဝမှ လွတ်မြောက်ပြီး လွတ်လပ်သော အချုပ်အခြာ အာဏာပြန်လည်ရရှိရေး၊ နိုင်မာတောင့်တင်းသည့် နိုင်ငံတော် အဖြစ်ရပ်တည်နိုင်ရေး မျှော်မှန်းချက်ဖြင့် စည်းလုံးညီညွတ်စွာ အားထုတ် ခဲ့မှုကြောင့် ၁၉၄၈ ခုနှစ်တွင် အချုပ်အခြာ အာဏာပိုင် လွတ်လပ်သည့် မြန်မာနိုင်ငံတော်အဖြစ် ပြန်လည်ရပ်တည်လာနိုင်ခဲ့ကြောင်း" မိန့်ကြားခဲ့သည်။

၁၉၄၈ခုနှစ်မှ ၁၉၆၇ခုနှစ်အထိ ပြည်တွင်းသောင်းကျန်းမှု စစ်မီးလောင်မြိုက်ခြင်း ခံရသဖြင့် မြန်မာနိုင်ငံ၏ စာမတတ်သူ ပရောက်ရေး လှုပ်ရှားမှုမှာ မေ့မျိမ့် ခဲ့ရသည်။ ၁၉၆၄ မှစတင်၍ အစွမ်းကုန် ကြိုးစားခဲ့သည်။

"ကိုလိုနီအမွေဆိုး၊ ချိုးမယ်လို့ကြိုးရယ်၊ ခွဲစိတ်နဲ့ကွယ်၊ ဖြို့ကျောင်းက ဒို့လူငယ်၊ တောရွာဝယ် ခြေကိုရဲ့၊ ကျေးရွာနေ ပြည်သူများ၊ အားတက်ရွင်ပျ။
နည်းသစ်ကိုသုံး၊ အသုံးလုံးကျေစရာ၊ ဝိုင်းဝန်းလို့သာ၊ မောင်ထဲက ကျေးရွာတွေ၊ သာပါစေစိတ်ထား၊ စေတနာဝရှုနဲ့၊ စာပြလုပ်အား။
ပြန်လှန်ကာစေတနာထား၊ ရှည်လျားတဲ့ ခရီးဝေးတွေ၊ ကုန်ခဲ့ပြီလေ၊ ချစ်စရာသည်လိုရေ၊ ဒို့တစ်တွေမေ့နိုင်ဘဲ၊ ပြည်သူ့တွေတိုးတက်လမ်း၊ ကြိုးပမ်းတဲ့ပွဲ။
တစ်ရိုးခိုတုန်းဆီက၊ မောင်ဖုံးတဲ့ သံသရာ၊ လွတ်မြောက်၍လာ၊ စာဖတ်သံသာ၊ ကျေးရွာရဲ့ရှာခင်း၊ ကြည့်လိုက်လျှင် မြင်တိုင်းလှ၊ အားတက်ရခြင်း။
စုပေါင်းလို့ကြိုးပမ်းချက်၊ အမြတ်ထွက်လာပြီလေ၊ အသုံးလုံးကျေ၊ စာပန်းဖွင့်တဝေဝေ၊ ရွာမြေနဲ့ ပန်ရာ၊ ရေး တွက် ဖတ် အသုံးလုံးကို သီကုံးရွင်ပျ။"

မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)

မောင်လူမင်း(စိုက်ပျိုးရေးတက္ကသိုလ်) ဖွဲ့ဆိုထားသကဲ့သို့ မြန်မာ့ကျေးလက်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို မြန်မာတို့ အားကြိုးမာန်တက် ဖော်ဆောင်နိုင်ခဲ့ကြသည်။

ကမ္ဘာမှာ မြန်မာပေါ့ဟု ကျေးလက်ပညာရည်မြှင့်တင်ရေးနှင့် ပတ်သက်၍ မြန်မာ့အရည်အသွေးကို ဖော်ပြနိုင်ခဲ့သည်။

၁၉၆၄ခုနှစ်မှ ၁၉၈၈ခုနှစ် ကာလအတွင်း မြန်မာနိုင်ငံ စာတတ်မြောက်ရေး လှုပ်ရှားမှု (အသုံးလုံးကျေ စီမံကိန်း၊ မူလတန်းပညာ မသင်မနေရ စီမံချက်များ)ဖြင့် ဆောင်ရွက်ခဲ့ရာ စာမတတ်သူ ၅၇ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၁သမ၄ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့သည်။ စာတတ်မြောက်သူ ၇၈သမ ၆ ရာခိုင်နှုန်းအထိ တိုးတက်မြင့်မားလာခဲ့သည်။

မြန်မာနိုင်ငံ အသုံးလုံးကျေ (3Rs) စာတတ်မြောက်ရေး လှုပ်ရှားမှုကို ဆရာ ဆရာမများ၊ တက္ကသိုလ်၊ ကောလိပ်မှ ကျောင်းသူကျောင်းသားများ နိုးကြားတက်ကြစွာ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ နယ်ချဲ့တို့ အမှောင်တိုက် သွင်းပြီး ပိတ်ပင်ထားခဲ့သော မြန်မာတို့၏ နားနှင့်မျက်စိများ ပြန်လည် ပွင့်လန်းကာ ပညာအလင်းရောင် ဆောင်နိုင်ခဲ့ပေသည်။ ထို့ကြောင့်ပင် မြန်မာနိုင်ငံသည် ၁၉၇၁ခုနှစ်တွင် မိုဟာမက်ရီဇာပါလာဗီ စာတတ်မြောက်ရေးဆု ချီးမြှင့်ခြင်းခံရသည်။ အလားတူပင် ၁၉၈၃ခုနှစ်တွင် ကုလသမဂ္ဂ ယူနက်စကို အဖွဲ့ကြီးက ချီးမြှင့်သော နိုမာ (Nomar Prize)ဆုကို ရရှိခဲ့ပြန်သည်။

နိုင်ငံတကာ စာမတတ်သူ ပရောက်ရေးအတွက် မြန်မာနိုင်ငံ ပါဝင်ဆင်ခွဲခဲ့သော တစ်မျိုးသားလုံးစာတတ် မြောက်ရေး လှုပ်ရှားမှုတွင် တက္ကသိုလ်၊ ကောလိပ်နှင့် ဆရာအတတ်သင် ကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ အပါ အဝင် စေတနာ ရှင်ပေါင်း ငါးသိန်းခန့် ပူးပေါင်း ပါဝင်ဆောင်ရွက်ခဲ့ကြသဖြင့် စာတတ် မြောက်သူဦးရေ သုံးသန်းကျော်တိုးပွား မြင့်မားလာ ခဲ့သည်။ မြို့နယ်ပေါင်း ၃၁၈ မြို့နယ် အတွင်း ၂၉၇မြို့နယ်ကို မြို့နယ်လုံးကျွတ် စာတတ်မြောက် ကြောင်း မဂ်လာရှိစွာ ကြေညာနိုင်ခဲ့ သည်။ မြန်မာတို့သည် အမျိုးသားရေး အားမာန်အပြည့်ဖြင့် ပညာရေးအတွက် ခေတ်အဆက်ဆက် ကြိုးပမ်းလှုပ်ရှား ခဲ့ကြခြင်း ဖြစ်သည်။

ယနေ့ ၂၁ရာစု၏ ပညာခေတ် ကို မြန်မာတို့ အဓိလိုက်နိုင်ခဲ့ပါပြီ။ ကုလသမဂ္ဂ စာမတတ်သူပရောက် ရေး ၁၀စုနှစ်ကို အောင်မြင်ဖြစ်ထွန်းမှု များစွာဖြင့် ကြိုဆိုနိုင်ခဲ့သည်။

လွန်ခဲ့သော နှစ်၅၀အတွင်း ကမ္ဘာ့အတိုင်းအတာအားဖြင့် လည်းကောင်း၊ မြန်မာ့အတိုင်းအတာအားဖြင့် လည်းကောင်း စာမတတ်မှု အခြေအနေ အရေပါရပ်ကို ဆန်းစစ်သုံးသပ်မှုအပေါ် အခြေခံ၍ ရရှိလာသည့် ဆောင်ရွက်ရ မည့် နည်းလမ်းမှာ ကျောင်းနေအရွယ်ဖြစ်သည့် ကလေးများကို အခြေခံပညာ မူလတန်းကျောင်းများ၌ ကျောင်းနေဖြစ်အောင်၊ တစ်နည်းအားဖြင့် ပညာသင်ယူ ဖြစ်အောင် ကြိုဆောင်ကြိုးပမ်းအားထုတ်သည့် နည်းလမ်းသည် ပထမလမ်းသွယ် ဖြစ်သည်။

ထိုလမ်းသွယ်အရ ဆောင်ရွက်ခြင်းအားဖြင့် ကျောင်းနေအရွယ်ကလေးများ ကျောင်းနေဖြစ်ခြင်းကြောင့် ငယ်ရွယ်စဉ်ကာလမှာပင် စာတတ်သူများဖြစ်လာ ကြသည်။ တစ်သက်တာ စာတတ်သူများလည်း ဖြစ်သွားကြပေသည်။

ထိုနည်းလမ်းသည် စာမတတ်သူအဖြစ်သို့ မရောက်ရှိရစေရန် ရည်ရွယ်ပြီး ကာကွယ်ထားသည့် နည်းလမ်း (Preventive Measure)ဖြစ်ခြင်းကြောင့် စာမတတ်မှုကို အမြစ်ကစ၍ ဖြတ်တောက်ပစ်သည့် နည်းလမ်းဟူ၍လည်း ဆိုနိုင်သည်။

မျက်မှောက်ခေတ် မြန်မာနိုင်ငံတွင် သက်ကြီးစာတတ်မြောက်မှုနှုန်း နှစ်စဉ်တိုးတက်လာခဲ့ရာ ၂၀၀၅ ခုနှစ်၌ ၉၄.၁သမၜာရာခိုင်နှုန်း စာတတ်မြောက်ခဲ့ ကြပြီဖြစ်သည်။ စာတတ်မြောက်ရေးမှ စာဖတ်ရှိန် မြင့်တင်ရေး၊ အစဉ်သင်ယူ သင်ကြားနေသော မြန်မာ့လူဘောင် ပေါ်ထွန်းရေး ရည်မှန်းချက်ဖြင့် တိုးမြှင့် ကြိုးပမ်းလျက်ရှိသည်။ ၂၀၀၅–၂၀၀၆ ခုနှစ်တွင် ကျေးရွာအုပ်စုတိုင်း ကိယ်အား ကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ရေးကို ပြန်ကြားရေးဝန်ကြီးဌာနမှ ဦးဆောင် ဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၀၅ ခုနှစ် သြဂုတ်လ ၃၁ရက်နေ့ထိ ကျေးရွာစာကြည့်တိုက်ပေါင်း ၂၇၆၃၃ တိုက် ဖွင့်လှစ်နိုင်ခဲ့သည်။

ကျောင်းနေအရွယ် ကလေးအားလုံး မူလတန်းပညာပြီးဆုံးသည်အထိ ကျောင်းနေရေးကို လူထုလှုပ်ရှားမှု အသွင်ဖြင့် စည်းရုံးဆောင်ရွက်နိုင်ခဲ့၍ တစ်နိုင်ငံလုံး ကျောင်းနေနှုန်း ၉၇ ဒသမ ၅၈ ရာခိုင်နှုန်းအထိ ရှိခဲ့ပြီဖြစ်သည်။ ကမ္ဘာ့မူလတန်း ကျောင်းနေနှုန်းနှင့် နှိုင်းယှဉ်ကြည့်လျှင် မြန်မာနိုင်ငံ၏ ကျောင်းနေနှုန်းက ရင်ပေါင်တန်းလျက်ရှိနေကြောင်း ဂုဏ်ယူဖွယ်ရာ တွေ့ရှိနိုင်ပေသည်။

မြန်မာနိုင်ငံသည် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးကို အထူးဦးစားပေးဆောင်ရွက်သည့် နိုင်ငံဖြစ်သည်။

ကျောင်းနေအရွယ် ကလေးအားလုံး မူလတန်း ပညာပြီးဆုံးသည်အထိ ကျောင်းနေရေးကို လူထုလှုပ်ရှားမှု အသွင်ဖြင့် စည်းရုံးဆောင်ရွက်နိုင်ခဲ့၍ တစ်နိုင်ငံလုံး ကျောင်းနေနှုန်း ၉၇ ဒသမ ၅၈ ရာခိုင်နှုန်း အထိ ရှိခဲ့ပြီဖြစ်သည်။ ကမ္ဘာ့မူလတန်း ကျောင်းနေနှုန်းနှင့် နှိုင်းယှဉ်ကြည့်လျှင် မြန်မာနိုင်ငံ၏ ကျောင်းနေနှုန်းက ရင်ပေါင်တန်းလျက်ရှိနေကြောင်း ဂုဏ်ယူဖွယ်ရာ တွေ့ရှိနိုင်ပေသည်။

ပညာသင်ယူမှုအခွင့်အလမ်းများ တစ်နိုင်ငံလုံးတွင် ဖြန့်ကြက် တိုးပွားဖြစ်ထွန်းလာစေရန် အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်၊ ကောလိပ်များကို ယခင်ကာလများကထက် အဆပေါင်းများစွာ တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိသည်။

၁၉၈၈ခုနှစ်က တက္ကသိုလ်နှင့် ကောလိပ်ပေါင်း ၃၂ခုသာရှိခဲ့ရာမှ ယခုအခါ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်ပေါင်း ၁၅၄ခုအထိ ရှိလာခဲ့ပြီဖြစ်သည်။ ပညာရေးအခွင့်အလမ်းများ တိုးပွားဖြစ်ထွန်းလာသည်နှင့်အမျှ ၁၉၈၈ခုနှစ်တွင် တက္ကသိုလ်၊ ကောလိပ်ကျောင်းသူ/ကျောင်းသား တစ်သိန်း သုံးသောင်းကျော်သာရှိခဲ့ရာမှ ယခုအခါ တက္ကသိုလ်၊ ကောလိပ် ကျောင်းသူ၊ ကျောင်းသားပေါင်း ရှစ်သိန်းကိုးသောင်းကျော် ရှိလာခဲ့သည်။ အဆင့်မြင့် ပညာရေးကဏ္ဍတွင် ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်း ဒေသများ အားလုံး၌ အဆင့်မြင့်ပညာသင်ယူနိုင်မှု အခွင့်အလမ်းများ တိုးတက်ဖြစ်ထွန်း လာစေရန် ဒေသအလိုက် လူစွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင် မွေးထုတ်ပေးနိုင်စေရေး ဦးတည်ပြီး ပြည်နယ်နှင့်တိုင်း ၁၄ခုတွင် ဖွံ့ဖြိုးရေး အထူးဒေသကြီး ၂၄ခု သတ်မှတ်ကာ အထူးဒေသကြီးများကို အခြေခံ၍ တက္ကသိုလ်၊ ကောလိပ်များကို ဖြန့်ကြက် တည်ဆောက်ဖွင့်လှစ်ပေးလျက်ရှိသည်။

ကုလသမဂ္ဂစာတတ်မြောက်ရေးဆယ်စုနှစ်၏ ဒုတိယနှစ်၌ သက်ကြီးစာ မတတ်သူအများစုတွင် အမျိုးသမီး သန်း ၅၀၀ကျော် ပါဝင်နေပြီး တစ်ချိန်တည်း မှာပင် ကျောင်းမနေသော ကလေးအများစုသည်လည်း မိန်းကလေးငယ်များ ဖြစ်နေကြကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိန်းကလေးငယ်များနှင့် အမျိုးသမီးများ၏ ပညာရေးကို ပိုမိုမြှင့်တင်ပေးရမည် ဖြစ်ကြောင်း၊ မျိုးဆက် သစ်များအတွက် စီးပွားရေးဆိုင်ရာ ကုန်ထုတ်စွမ်းရည်မြှင့်တင်ပေးရန်၊ မိခင်နှင့် ကလေး သေဘေးကင်းနှုန်းလျော့ကျချရန်၊ အာဟာရစားသုံးမှု ပိုမို ကောင်းမွန်လာစေရန် အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်ခြင်း အပါအဝင် ကျန်းမာရေး တိုးတက်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းသင်တန်းကျောင်းများ အဆင့်မြင့်နှင့်အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲများကျင်းပ

ရန်ကုန် စက်တင်ဘာ ၅

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန လားရှိုးမြို့ အချိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၁၂)နှင့် အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၄၀) သင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၅ ရက် နံနက်၌ သင်တန်းကျောင်းခန်းမဆောင်တွင် ကျင်းပရာ သင်တန်းဖွင့်ပွဲသို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လွင်တို့ တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ပြည်နယ်/ခရိုင်/ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့တို့မှ ဖိတ်ကြားထားသူများ စုစုပေါင်းအင်အား ၂၀၀ ခန့် တက်ရောက်ပြီး သင်တန်းတွင် အဆင့်မြင့် စက်ချုပ်သင်တန်းသူခုနှစ်ဦးနှင့် အခြေခံ စက်ချုပ်သင်တန်းသူ ၂၆ဦး တက်ရောက်သည်။

အလားတူ ကျိုင်းတုံမြို့အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း အဆင့်မြင့်စက်ချုပ် သင်တန်းအမှတ်စဉ်(၁၂)နှင့်အခြေခံ စက်ချုပ်သင်တန်း အမှတ်စဉ်(၄၀)၊ သိုးမွေးစက်ဆွဲသင်တန်း အမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ၅ရက်နံနက်၌ သင်တန်းကျောင်းခန်းမဆောင်တွင် ကျင်းပရာ သင်တန်းဖွင့်ပွဲသို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကြံဂဲဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်မင်းအောင်လှိုင် တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

သင်တန်းတွင် အဆင့်မြင့်စက်ချုပ် သင်တန်းသူ ငါးဦးနှင့်အခြေခံစက်ချုပ် သင်တန်းသူ ၂၀ဦး၊ သိုးမွေးစက်ဆွဲ သင်တန်းသူ နှစ်ဦး တက်ရောက်သည်။

မြိတ်မြို့

ထို့အတူ မြိတ်မြို့ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း အဆင့်မြင့်စက်ချုပ် သင်တန်းအမှတ်စဉ်(၁၂)နှင့် အခြေခံ စက်ချုပ်သင်တန်း အမှတ်စဉ်(၄၀) သင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ၅ရက် နံနက်၌ သင်တန်းကျောင်းခန်းမဆောင်တွင် ကျင်းပရာ သင်တန်းဖွင့်ပွဲသို့ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်း ဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။ သင်တန်းတွင် အဆင့်မြင့်စက်ချုပ် သင်တန်းသူနှစ်ဦးနှင့် အခြေခံ စက်ချုပ် သင်တန်းသူ ၃၇ဦး တက်ရောက်သည်။

ထို့အတူ မူဆယ်၊ မိုင်းဆတ်၊ တာချီလိတ်၊ လွှင်ကော်၊ ဘားအံ၊ မြဝတီ၊ရေးကော့သောင်း၊မောင်တောမြို့များရှိ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများ၏ အဆင့်မြင့်စက်ချုပ်သင်တန်း၊ အခြေခံစက်ချုပ်သင်တန်း၊ ဖွင့်ပွဲများနှင့် ချင်းပြည်နယ် ဟားခါး၊ ဖလမ်း၊ မင်းတပ် အိမ်တွင်းမှုသင်တန်းကျောင်းများ၏ အခြေခံစက်ချုပ်သင်တန်း၊ အဆင့်မြင့်စက်ချုပ် သင်တန်း၊ သိုးမွေးစက်ဆွဲသင်တန်း၊ အခြေခံရက်ကန်းသင်တန်းနှင့် ကနေ့ကမာကျောက်စီမန်းချီသင်တန်း သင်တန်းဖွင့်ပွဲများ၊ မတူပီ အိမ်တွင်းမှု သင်တန်းကျောင်း၏ အခြေခံစက်ချုပ်သင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်း၊ သိုးမွေးစက်ဆွဲသင်တန်း သင်တန်းဖွင့်ပွဲနှင့် တီးတိန်၊ ကန်ပက်လက် အိမ်တွင်းမှု သင်တန်းကျောင်းများ၏ အခြေခံစက်ချုပ် သင်တန်းနှင့် သိုးမွေးစက်ဆွဲသင်တန်း သင်တန်းဖွင့်ပွဲများ၊ ပူတာအို၊ ဗန်းမော်၊ မုဒုံ အိမ်တွင်းမှု သင်တန်းကျောင်း အခြေခံစက်ချုပ်သင်တန်း သင်တန်း ဖွင့်ပွဲများကို သက်ဆိုင်ရာ သင်တန်းကျောင်း အသီးသီး၌ စက်တင်ဘာ ၅ရက် နံနက်ပိုင်းတွင် ကျင်းပခဲ့ကြောင်းနှင့်သင်တန်းကာလမှာ စက်တင်ဘာ၅ရက်မှ ဒီဇင် ဘာ၉ရက်အထိ ရက်သတ္တ ၁၄ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝလေအသင်းအစည်းအဝေး

ရန်ကုန် စက်တင်ဘာ ၅

ဝလေမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးကို တောင်ဥက္ကလာပမြို့နယ် (၁၅)ရပ်ကွက် အမှတ်(၅)ပိုင်း ဝလေသီဂီဘုန်းတော်ကြီးသင် ပညာရေးကျောင်းတိုက်တွင် စက်တင်ဘာ၁၁ရက် (တနင်္ဂနေ့) မွန်းလွဲနာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ (အသင်းမဝင်ရသေးသူများ) မယျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားနှိုးဆော်ထားကြောင်းသိရသည်။ (၁၉၂)

ထူးကြီးအသင်း(ရန်ကုန်)နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် စက်တင်ဘာ ၅

ထူးကြီးအသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို စက်တင်ဘာ၁၀ရက် (စနေနေ့) မွန်းလွဲနာရီတွင် ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်း ရွှေတိဂုံတောင်ဘက်မုခ်အနီး၊ရှိ သစ်လုပ်ငန်းမဟာရုံ၌ ကျင်းပမည်ဖြစ်သည်။

အသင်းဝင်များနှင့် ထူးကြီးဒေသသူဒေသသားများ မယျက်မကွက် တက်ရောက်ကြပါရန်နှင့် အသေးစိတ်သိလိုသူများသည် ဦးအေးစိုး ဖုန်း-၂၉၁၄၄၄၊ ဦးမြင့်သိန်း ဖုန်း-၂၉၃၀၅၆၊ ဦးမြင့်သန်း ဖုန်း-၂၉၄၁၅၁ ဦးထွန်းဝေ ဖုန်း-၇၂၁၄၀၆နှင့် ဒေါ်ယဉ်ဌေး ဖုန်း-၇၂၂၀၁၅တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တစ်ပြည်လုံးတွင် မိုးရေလေ့နည်းမည်

ရန်ကုန် စက်တင်ဘာ ၅

လွန်ခဲ့သော ၂၄နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှ စတင်ဆုတ်ခွာခဲ့ပြီးဖြစ်သည်။ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်ကျား၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲနှင့် ချင်းပြည်နယ်၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့သည်။

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားနည်းနေသည်။

စက်တင်ဘာ ၆ ရက်ညနေအထိ ခန့်မှန်းချက်အရ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြားနှင့် ကျန်ဒေသများတွင် နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ဝင်လယ်ပြင်တွင် လျှင်းအနည်းငယ်သာရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် မိုးလျော့ နည်းမည်ဖြစ်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

စက်တင်ဘာ၄ရက်က ကျင်းပသော အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ရန်ကင်းမြို့နယ် ၂၀၀၄-၂၀၀၅ခုနှစ် မိဘဆရာ အသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူး ရရှိသော ကျောင်းသားကျောင်းသူများ ဂုဏ်ပြုပွဲအခမ်းအနားတွင် ငါးဘာသာ ဂုဏ်ထူးရှင် မချိုရည်မွန်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မိုးမြင့်က ဆုချီးမြှင့်စဉ်။ (၈-ပ)

ချစ်သောအရိမဒ္ဒနပူရ၏မဟာအောင်ပွဲဓာတ်ကား ခက်တင်ဘာ၉ရက်၌အဆင့်မြင့်ရုံများတွင်ရုံဝင်လာမည်

ရုပ်ရှင်သတင်းထောက်

ရန်ကုန် စက်တင်ဘာ ၅

ဒါရိုက်တာကြည်ဖြူသျှင် ရိုက်ကူးသည့် **ချစ်သောအရိမဒ္ဒနပူရ၏ မဟာအောင်ပွဲ** ဓာတ်ကား စက်တင်ဘာ ၉ ရက် အဆင့်မြင့်ရုံများ၌ ရုံဝင်လာမည်ဖြစ်သည်။

ချစ်သောအရိမဒ္ဒနပူရ၏ မဟာအောင်ပွဲ ဓာတ်ကားတွင် လူမင်း၊ ကျော်သူ၊ ရဲအောင်၊ နေအောင်၊ ဖြိုးငွေစိုး၊ နန္ဒာလှိုင်၊ မေသန်းနု၊ ခင်သီတာထွန်းနှင့် စည်သူမောင်တို့ ခေါင်းဆောင်ပါဝင်ထားသည်။

ချစ်ခြင်းဖွဲ့မေတ္တာဓာတ်ကားမှ တင့်တင့်ထွန်းနှင့် မြတ်ကေသီအောင်။

ချစ်သော အရိမဒ္ဒနပူရ၏ မဟာ အောင်ပွဲ မှ နေအောင်နှင့် ခင်သီတာထွန်း။

ဒါရိုက်တာ Kerry Conran ရိုက်ကူးပြီး Jude Law၊ Gwyneth Paltrow၊ Angelina Jolie တို့ပါဝင်ထားသော Sky Captain and the World of Tomorrow ဓာတ်ကား သွင်ရဲတွင်တင်ဆက်ထားသည်။ အက်ရှင်မင်းသား ဂျက်လီ ပါဝင်သရုပ်ဆောင်သည့် Unleashed ဓာတ်ကား မင်္ဂလာရုံတွင် ဆက်လက်ပြသနေသည်။

နေပြည်တော်ရုံတွင် မင်းသား Richard Gere Jennifer Topez တို့ ပါဝင်ထားသော Shall We Dance ဓာတ်ကားသစ်ရုံဝင်လာသည်။

ရွှေဂုန်ရုံအပေါ်ထပ်တွင် အက်ရှင်မင်းသား အာနီး၏ လူပ်ရှားမှုအသားပေး အက်ရှင်ဓာတ်ကား Eraser တင်ဆက်ထားသည်။

အနီးကပ္ပလ်နှင့် စရီဒေဝီတို့ ပါဝင်ထားသည့် Laadia ဓာတ်ကား ရွှေဂုန်ရုံမြေညီထပ်တွင် ပြသလျက်ရှိပြီး တန်းမြင့်ဗြို့မရုံတွင် အက်ရှင်မင်းသား အာဂျွန်း၊ မင်းသမီးရမ်းဗာတို့ ခေါင်းဆောင် ပါဝင်ထားသော Sudanthiram အချစ်အက်ရှင် အိန္ဒိယဓာတ်ကားသစ် တင်ဆက်ထားသည်။ (မြန်မာ့အလင်း)

ဤဓာတ်ကားတွင် မင်းမြတ်အနော်ရထာက ဗဒွသာသနာအလင်းရောင်ကို ပေါက္ကပြည်သို့ ထွန်းညှိနိုင်ခဲ့သည့်အတွက် အရည်းကြီးများ၏ လွှဲမှားသော အယူဝါဒ နိုင်ငံချစ်စေပုံကို ရိုက်ကူးထားသော ပုဂံရာဇဝင် ဓာတ်ကား ဖြစ်သည်။

အောင်ကျော်ဓော ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ မီးဗွားဖန်တီးရိုက်ကူးသော **ဘီလူး** ဓာတ်ကား

ပျော်လိုက်ရအောင် ဓာတ်ကားမှ ညီဇေမင်းနှင့်ပွင့်နဒီမောင်။

စာမျက်နှာ ၁၀ ဆောင်းပါး မှ အဆက်

ကောင်းမွန်လာစေရန်နှင့် ပညာရေးအခွင့်အလမ်းများ တိုးပွားလာစေရန်တို့ကဲ့သို့ အခြားမူဝါဒ မရှိနိုင်ကြောင်း၊ သန်းပေါင်းများစွာသော အမျိုးသမီးများအတွက် စာတတ်မြောက်ရေး လုပ်ငန်းများသည် ဖြစ်နိုင်ချေဟူသည့် ဝေါဟာရအသစ်ကို သင်ယူလေ့လာရန် ကြိုတောင့်ကြိုခဲ အခွင့်အရေးများကို ပေးစွမ်းနိုင်သည့်အပြင် ၎င်းတို့မိသားစု၏ လက်ရှိ အခြေအနေကိုကျော်လွန်၍ ဘဝသစ်သို့ လမ်းဖွင့်ပေးခြင်းဖြစ်ကြောင်း လေ့လာ သိရှိရသည်။

ကုလသမဂ္ဂ စာတတ်မြောက်ရေး ဆယ်စုနှစ်တွင် မြန်မာနိုင်ငံက နိုင်ငံတကာ မိသားစုဝင်အဖြစ် တာဝန်ယူတတ်မှုနှင့် ပညာရေးရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်ဖြင့် မြင့်မားတိုးပွားအောင် ကြိုးစားဆောင်ရွက်လျက်ရှိသည်။

စာတတ်မြောက်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် ရင်းနှီးမြှုပ်နှံမှုဖြင့် မြန်မာနိုင်ငံ၏ လူ့စွမ်းအား အရင်းအမြစ်များသည် ၁၂ရာသီပန်းသဖွယ် ပွင့်လန်းမွေးကြူ အားယူ ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်သည်။

သို့ဖြစ်ရာ အရှိန်အဟုန်ဖြင့် ဖြစ်ထွန်းလျက်ရှိသော မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးလှုပ်ရှားမှုနှင့် ကျေးလက်ဒေသ ပညာရည်မြင့်မားတိုးတက်ရေး လုပ်ငန်းများကို တက်ညီလက်ညီ ဝိုင်းပန်းဖော်ဆောင်ကြရန်မှာ အမျိုးသားရေး တာဝန်တစ်ရပ်ပင်ဖြစ်ပါကြောင်း ရေးသားရင်း-

"မှတ်ဖွယ်ရာရာ၊ ထိုထိုစာကို၊ ရှာ၍မပြတ်၊ အိမ်တွင်းဖတ်၊ ဖတ်ပြန်သော်ကား၊ ဖတ်ဖန်များက သားမယားပင်၊ သိမြင်ကင်းကွာ၊ မလိမ္မာလည်း၊ စာပေစကား၊ ဓနေ့တိုင်းကြားက၊ ထူးခြားလိမ္မာရှိသည်သာတည်" ဟူသော အလိမ္မာစာမှာရှိကြောင်း ဖော်ညွှန်းပြဆိုထားသည့် **"ရှင်မဟာရဏသာရ"** ကဗျာစုဖြင့် **"နိုင်ငံတကာ စာတတ်မြောက်ရေးနှင့် ကုလသမဂ္ဂ စာတတ်မြောက်ရေး ဆယ်စုနှစ်"** ကာလတွင် မြန်မာနိုင်ငံ၏ ပါဝင်စွမ်းဆောင်မှုကို ဂုဏ်ပြုတင်ပြလိုက်ရပါသည်။ ။

ပြိုင်ပွဲရည်ရွယ်ချက် (၇)ရပ် အောင်မြင်ရေး ရည်မှန်းချက်ထား အနုပညာအရည်အသွေးပြောင်မြောက်စွာဖြင့် ပါဝင်ယှဉ်ပြိုင်

ရန်ကုန် စာတတ်ဘာ ၅

ရန်ကုန်တိုင်း တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၇ နာရီခွဲက ရန်ကုန်ဖြို့ လသာဖြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မြည်လာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်စီနီ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးတို့ တက်ရောက်အားပေးချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ တပ်နယ်မှူးများ၊ စစ်ဒေသမှူးများ၊ ပညာရေးဝန်ကြီးဌာနအမှတ်(၃)အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူ၊ အနုပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးငွေထွန်း၊ ရန်ကုန်တိုင်း မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ အမှတ်(၄) စစ်ဒေသမှူး ဗိုလ်မှူးကြီး လှအေး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးနှင့် မြန်မာနိုင်ငံ သာဝင်ပညာရှင်များ အစည်းအရုံးတို့မှ ဥက္ကဋ္ဌများ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အနုပညာရှင်ကြီးများ၊ ပြိုင်ပွဲဝင်အနုပညာရှင်များ၊ အမှတ်ပေးခိုင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ပြိုင်ပွဲကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ **(အေပါ်ပုံ)**

ပိုမိုမြင့်မားလာ

ထိုနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များဖြစ်သည့် မြန်မာ့ဂီတ၊ မြန်မာ့အက၊ မြန်မာ့သာသင်စသော အနုပညာရပ်များ အရှည်တည်တံ့၍ ပြည်နယ်နှင့်တိုင်းနယ်မြေဒေသအားလုံး၌ အခြေခိုင်မာ ပြန့်ပွားရေး၊ အမျိုးသားရေးဂုဏ်သိက္ခာနှင့် အမျိုးသားရေးစရိုက်လက္ခဏာများ ရှင်သန်ရေးသည့် မွန်မြတ်သည့် ရည်မှန်းချက်များနှင့်အညီ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲများကို နိုင်ငံတော်ကကြီးမှူးပြီး နှစ်စဉ်မပြတ် ကျင်းပလာခဲ့သည်မှာ တေရသမအကြိမ်သို့ပင် ရောက်ရှိခဲ့ပြီ ဖြစ်ကြောင်း၊ တစ်ကြိမ်ထက် တစ်ကြိမ် ပြိုင်ပွဲဝင် အနုပညာရှင်ဦးရေ ပိုမိုများပြားလာသကဲ့သို့ အနုပညာအရည်အသွေးလည်း ပိုမိုမြင့်မားလာသည်ကို ဝမ်းမြောက်ဖွယ်တွေ့မြင်ရကြောင်း။

ယနေ့ခေတ်ကာလကဲ့သို့ တစ်ကမ္ဘာလုံး ဆက်စပ်ပြောင်းလဲနေသည့်အခြေအနေတွင် တိုင်းတစ်ပါးယဉ်ကျေးမှု ဓလေထုံးတမ်းများ၏ ထိုးဖောက်ဝင်ရောက်မှုများကို ကာကွယ်ရန်အတွက် အနုပညာရှင်များအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် မျိုးရိုးဓာတိမာန် ထက်သန်ပြီး မျိုးချစ်စိတ်ဓာတ် အားကောင်းနေရန်၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုအင်အား တောင့်တင်းခိုင်မာရန်နှင့် တစ်နည်းအားဖြင့် အမျိုးသားရေးကိုယ်ခံစွမ်းအား တောင့်တင်းနေရန် လိုအပ်ကြောင်း။

ရည်မှန်းချက်ထား

ရန်ကုန်တိုင်းအနေဖြင့် နိုင်ငံတော်က ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများတွင် နှစ်စဉ်မပျက် ပါဝင်ယှဉ်ပြိုင်လျက်ရှိရာ ယခု တေရသမအကြိမ်(၁၃ ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီး ပြိုင်ပွဲ၌လည်း ပြိုင်ပွဲကြီးကျင်းပရသည့် ရည်ရွယ်ချက် (၇)ရပ် အောင်မြင်အောင် ရည်မှန်းချက်ထား၍ အနုပညာရှင်များ အားလုံးက အနုပညာအရည်အသွေး ပြောင်မြောက်စွာဖြင့် ပါဝင်ယှဉ်ပြိုင်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် လသာဖြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူကလေးများက လသာရတနာတိုးပိုင်းနှင့် တွဲဖက်၍ "မေတ္တာဖျန်းမှ လန်းဆန်းမယ်"သီချင်းဖြင့် လည်းကောင်း၊ ရွှေတံဆိပ်ဆုရှင် မောင်သန့်ဇင်ထွန်းက အကဖြင့် လည်းကောင်း၊ ရွှေတံဆိပ်ဆုရှင် မအေးမြတ်နိုးခင်က "ပွဲကြိုက်မောင်" သီချင်းဖြင့် လည်းကောင်း၊ရန်ကုန်တိုင်း မောင်ဥာဏ်ဝင်း ဇာတ်အဖွဲ့နှင့်တွဲဖက်၍ တော်ဝင်ရုပ်သေးအဖွဲ့က ရပ်သေးနွစ်ပါးသွား ကပြမှုဖြင့် လည်းကောင်း၊ မမြင့်မြင့်ကြည်၏ "မြန်မာ့ကြေးကြေသည်" သီချင်းဖြင့် လည်းကောင်း၊ လသာဖြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူကလေးများက လသာ ရတနာတိုးပိုင်းနှင့် တွဲဖက်၍ "အောင်စေ၊ ပိုင်စေ" သီချင်းနှင့် အကတို့ဖြင့် လည်းကောင်း သီဆိုကပြဖျော်ဖြေကြသည်။

ပေးအပ်ချီးမြှင့်

ထိုနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့က ဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုလန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပေးသည်။

ရန်ကုန်တိုင်း တေရသမအကြိမ် (၁၃ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲတွင် ပညာရှင်အဆင့်၌ အဆို ၃၃ဦး၊ အက ခြောက်ဦး၊ အရေး ရှစ်ဦး၊ အတီး ၆၈ဦး စုစုပေါင်း ၁၁၃ဦးနှင့် ဝါသနာရှင်အဆင့်၌ အဆို ၅၁ ဦး၊ အက ၁၆ ဦး၊ရပ်သေး ခြောက်ဦး၊ အရေးရှစ်ဦး၊အတီး ၁၂စဦး စုစုပေါင်း ၂၀၉ ဦးဖြင့် အနုပညာရှင် စုစုပေါင်း ၃၂၂ ဦး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဓာတုပစ္စည်းလူဒါနိုးပွဲ

ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ၊ ရသစာအုပ်များနှင့် စာပေဒါနဌေပဒေသာပင် လူဒါနိုးပွဲ (သတ္တမအကြိမ်) ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပါမည်-

နေ့ရက် - ၇-၉-၂၀၀၅(ဗုဒ္ဓဟူးနေ့)
အချိန် - မွန်းလွဲ (၂း၃၀)နာရီ
နေရာ - ပြန်ကြားရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ သိမ်ဖြူလမ်း၊ ရန်ကုန်ဖြို့။

စာအုပ်/ဌေပဒေသာပင် လူဒါနိုးလိုကြသော ဓဝတနာရှင်၊ အလှူရှင်များသည် အချိန်မီတက်ရောက် လူဒါနိုးနိုင်ပါရန် နှိုးဆော်ဖိတ်ကြား အပ်ပါသည်။

လူဒါ နိုးလို သူများ ဆက်သွယ်ပါ ရန် -
ဖုန်း-၂၄၅၅၆၁၅၊ ၂၄၅၅၆၂၄၊ ၃၇၁၃၃၃၉၊ ၃၇၉၇၆၉၊ ၂၅၂၄၅၁၁၊ ၂၅၂၄၅၅၈။

ပြန်ကြားရေးဝန်ကြီးဌာန။

မော်လမြိုင်တက္ကသိုလ် သန့်ရှင်းသာယာလှပရေးဆောင်ရွက်မှုနိုးပြည်နယ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှင့်ပွဲကျင်းပ

ရန်ကုန် စာတတ်ဘာ ၅

မွန်ပြည်နယ် မော်လမြိုင်တက္ကသိုလ် သန့်ရှင်းသာယာလှပရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် စာတတ်ဘာ ၃ ရက် နံနက်ပိုင်းက ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နယ်မြေခံတပ်မတော်သားများ၊ ဒေသခံပြည်သူများနှင့် မော်လမြိုင်တက္ကသိုလ်မှ ပါမောက္ခများ၊ ကထိကများနှင့် ကျောင်းသား ကျောင်းသူများ စုပေါင်း၍ တက္ကသိုလ်ဝင်းအတွင်း တမျှော်တပါး သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကြသည်။

တက်ရောက်အားပေး

နံနက် ၉ နာရီခွဲတွင် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်သည် မော်လမြိုင်ဖြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည့် မွန်ပြည်နယ်မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ တိုင်းမှူးက မွန်ပြည်နယ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီး ပြိုင်ပွဲ ဖွင့်ပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ကြည့်ရှုအားပေး

ယင်းနောက်တိုင်းမှူးနှင့်ဇနီးတာဝန်ရှိသူများသည် မော်လမြိုင်ဖြို့ ပညာရေးကောလိပ် ပညာညီလာခန်းမ၌ ကျင်းပသော အတီးပြိုင်ပွဲများကို လည်းကောင်း၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရာမည၊ခန်းမ၌ ကျင်းပသော အဆိုပြိုင်ပွဲများကို လည်းကောင်း၊ မွန်ယဉ်ကျေးမှုပြတိုက် ခန်းမ၌ ကျင်းပသော အရေးပြိုင်ပွဲများကိုလည်းကောင်း လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရပ်စောက်ပြို့ တပ်ဦးစိုက်ပျိုးရေးခြံ နှစ်ရှည်ပင်နှင့် ရာသီသီးနှံစိုက်ခင်းများ တိုင်းမှူး ပိုလ်ချုပ်ရဲမြင့် လှည့်လည်ကြည့်ရှုအားပေး

ရန်ကုန် စာတတ်ဘာ ၅

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်သည် ဗဟုံးတပ်မယ်မှ ဗိုလ်မှူးချုပ်စော်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၃၀ ရက် မွန်းလွဲပိုင်းက ပွင့်ကောင်းနှင့် ဓင်ဆွဲ.ရီကုမ္ဗဏီလီမိတက်မှ တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် တပ်ဦးကျေးရွာအနီး ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးခြံသို့ရောက်ရှိရာ ရှင်းလင်းဆောင်တွင် စိုက်ပျိုးရေးခြံမန်နေဂျာ ဦးစိုးထွန်းက ရပ်စောက်မြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေး၍ တပ်ဦးစိုက်ပျိုးရေးဗြဟ်အတွင်း နှစ်ရှည်ပင်နှင့် ရာသီသီးနှံစိုက်ခင်းများ စိုက်ပျိုးထားရှိမှုကို လှည့်လည်ကြည့်ရှု အားပေးသည်။

ကြည့်ရှုစစ်ဆေး

ထိုနောက်တိုင်းမှူးသည် မြောင်းတော်စိုက်ပျိုးရေးခြံသို့ သွားရောက်၍ စိုက်ပျိုးရေးခြံမှထုတ်လုပ်သော ရော်ဘာပြားများအခြေအနေ၊ ရော်ဘာစိုက်ခင်းနှင့်ကော်ဖီပင်များ စိုက်ပျိုးဖြစ်ထွန်းမှု၊ ရော်ဘာပြားထုတ်လုပ်မှု အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အောင်မြင်ဖြစ်ထွန်း

အဆိုပါ ပွင့်ကောင်းနှင့် ခင်ဓွဲ.ရီကုမ္ဗဏီလီမိတက်သည် ရပ်စောက်မြို့နယ်အတွင်းရှိ မြေလွတ်မြေရိုင်းများကို ၁၉၉၁ ခုနှစ်မှ စတင်၍ ဖော်ထုတ်စိုက်ပျိုးခဲ့ရာ တပ်ဦးကျေးရွာအနီး၌ ၈က ၂၀၀၊ လက်ပိုက်ကျေးရွာအနီး၌ ၁၁၀၆ ၈က၊ ကျောက်ဆုံကုန်းကျေးရွာအနီး၌ ၉၀၅ ၈ကဖော်ထုတ်ပြီး ကော်ဖီ၊ သံပရာ၊ ရော်ဘာ၊ လိမ္မော်၊ လိုက်ချီး၊ ပိန္နဲ၊ ပြောင်း၊ စပါး၊ ကြဲ၊ ပဲ စသည့် နှစ်ရှည်ပင်များနှင့် ရာသီသီးနှံပင်များ စိုက်ပျိုးခဲ့ရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တောင်ပိုင်းခရိုင်အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် သန်လျင် ဆေးရုံ၌ စက်တင်ဘာ ၂ ရက်က ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ ဥက္ကဋ္ဌဒေါ်ခင်မြမှ အသက် ၅နှစ် အောက် ကလေးငယ် တစ်ဦး၏ ဗီတာမင်အေဆေးလုံးများ တိုက်ကျွေးစဉ်။ (ခရိုင် ပြန်/ဆက်)

အမျိုးသား အမျိုးသမီး အခွင့်လိုက် ရေကူးပြိုင်ပွဲ ဗိုလ်လုပွဲ ဆုချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၅

၂၀၀၅ ခုနှစ် အမျိုးသား အမျိုးသမီးအခွင့်လိုက် ရေကူးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေပိုင်းက ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင် ဟိုတယ်နင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ရေကူးအားကစားနည်း တာဝန်ခံနာယကများ၊ အားကစားနဝန်ကြီးဌာနမှ တာဝန်ရှိရုံးချုပ်များ၊ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ အထူးဖိတ်ကြားထားသော စည်သည်တော်များ၊ ရေကူးအားကစား ဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ပွဲစဉ်များအဖြစ် ပွဲစဉ်ပေါင်း ၃၀ ကျင်းပပြုလုပ်ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် (ရေကူးအားကစားနည်း) တာဝန်ခံ နာယကခေါ်ဝေါ်ထိတရည်က အမျိုးသမီး သက်လယ်တန်း ပထမဆုရ ရန်ကုန် ရေကူး(က)အသင်းအား တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနော်တောင်က အမျိုးသား သက်လယ်တန်း ပထမဆုရ ကုက္ကိုင်(က)အသင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် (ရေကူးအားကစားနည်း)တာဝန်ခံ နာယကခေါ်ခင်ဆွေမြင့်က အမျိုးသမီး သက်လတ်တန်း ပထမဆုရ သစ်တောရေးရာ အသင်းကိုလည်းကောင်း တံခွန်စိုက်ဆုဖလားများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်ဝင်းက အမျိုးသား သက်လတ်တန်း ပထမဆုရ အား/ကာသိပ္ပံ(က) အသင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက အမျိုးသမီး သက်ကြီးတန်း ပထမဆုရ တက္ကသိုလ် ရေကူး အသင်းကိုလည်းကောင်း တံခွန်စိုက်ဆုဖလားများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက အမျိုးသား သက်ကြီးတန်း ပထမဆုရ အား/ကာသိပ္ပံ(က)အသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်သည်။ အား/ကာသိပ္ပံ(က) အသင်းသည် အမျိုးသားသက်ကြီးတန်း တံခွန်စိုက်ဆုဖလားကို သုံးနှစ်ဆက်တိုက်ဆွတ်ခူးရရှိသဖြင့် အပိုင်ဆွတ်ခူးရရှိသွားသည်။

(မြန်မာ့အလင်း)

အမျိုးသား သက်ငယ်တန်းပြိုင်ပွဲ ပထမတံခွန်စိုက်ဆုဖလား ဆွတ်ခူးရရှိသွားသော ကုက္ကိုင်း ရေကူးအသင်းအား မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဟန်ထွန်းမောင် (စီနီလျှံ)၊ အတွင်းရေးမှူး ဦးချိုမောင်နှင့် တာဝန်ရှိသူများနှင့်အတူ တွေ့ရစဉ်။ (မြန်မာ့အလင်း)

စံချိန်ချိုနိုင်

ယခုပြိုင်ပွဲတွင် စံချိန်သစ်နှစ်ခု တင်ခဲ့ရာ အမျိုးသမီး သက်လတ်တန်း (၁၀၀ x ̄c) လွန်းပျံလေးမျိုးကူးပြိုင်ပွဲတွင် သစ်တောရေးရာအသင်းက ၂၀၀ပြည့်နှစ်က ရန်ကုန်(က)အသင်းတင်ထားသော စံချိန်ခြောက်မိနစ် ၄၃ ဒသမ ၀၃ စက္ကန့်ကို ခြောက်မိနစ် ၁၅ ဒသမ ၀၇ စက္ကန့်ဖြင့်လည်းကောင်း၊ အမျိုးသမီး သက်ငယ်တန်း မီတာ၅၀ လိပ်ပြာကူးပြိုင်ပွဲတွင် အိအိသက်က ၁၉၃၃ ခုနှစ်က ခိုင်သန္တာဒိုး တင်ထားသော စံချိန် ၀ မိနစ် ၃၅ ဒသမ ၉၆ စက္ကန့်ကို စံချိန် ၀ မိနစ် ၃၅ ဒသမ ၅၀ စက္ကန့်ဖြင့်လည်းကောင်း အသီးသီး စံချိန်ချိုနိုင်ခဲ့သည်။

(မြန်မာ့အလင်း)

ကမ္ဘာတစ်လွှား အားကစား

ဘရာဇီးက ချီလီကို ငါးဂိုးပြတ် အနိုင်ရရှိ တောင်အမေရိကဇုန်၌ ဘရာဇီးတို့ ခြေစစ်ပွဲအောင်ပြီ

ဘရာဇီးလီးရား စက်တင်ဘာ ၅

၂၀၀၆ ခုနှစ် ကမ္ဘာဖလားဘောလုံးပြိုင်ပွဲ တောင်အမေရိကဇုန် ခြေစစ်ပွဲများကို စက်တင်ဘာ ၄ ရက်က ဆက်လက် ယှဉ်ပြိုင်ကစားရာ ဘရာဇီးနှင့် ချီလီတို့ပွဲတွင် ဘရာဇီးက ငါးဂိုး–ဂိုးမရှိဖြင့် ပြတ်ပြတ်သားသားအနိုင်ရရှိပြီး ဥရုဂွေးနှင့် ကိုလံဘီယာတို့ပွဲတွင် ဥရုဂွေးက သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

၂၀၀၆ ကမ္ဘာဖလားခြေစစ်ပွဲတစ်လျှောက် ဘရာဇီးတို့ ဂိုးပြတ်သွင်းပြီး စံချိန်တင်နိုင်ခဲ့သည့်ပွဲ ဖြစ်သည်။ ဘရာဇီးတို့ တောင်အမေရိကဇုန်၌ ၁၆ပွဲကစားပြီးချိန်တွင် စုစုပေါင်းသွင်းဂိုး ၃၁ ဂိုးဖြင့် ဂိုးအများဆုံးသွင်းယူနိုင်ခဲ့သောအသင်းလည်း ဖြစ်နေသည်။ ယခုပွဲ အနိုင်ရရှိခဲ့သဖြင့်လည်း တောင်အမေရိကဇုန်တွင် အာဂျင်တီးနှာနှင့် ဘရာဇီးတို့ ခြေစစ်ပွဲအောင်သည့် အသင်းများဖြစ်လာခဲ့ပြီး ၂၀၀၆ ကျမန်း ကမ္ဘာဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲစဉ်များသို့ အောင်မြင်စွာ လျှောက်လှမ်းနိုင်ခဲ့ပြီ ဖြစ်သည်။

ဘရာဇီး တိုက်စစ်မှူးများဖြစ်သည့် ရော်နယ်ဒို၊ ရော်ဘင်ဟို၊ အက်ဒရီရာနီ တို့ကို ချီလီနောက်တန်းမှ မထိန်းနိုင်သဲ့ ရှိရာမှ ပွဲချိန် ၁၁ မိနစ်တွင် ဘရာဇီး နောက်ခံလူ ဆီဗီရီးရာဂျန်က ခေါင်း တိုက်ကာ အဖွင့်ဂိုးသွင်းယူခဲ့သည်။ ထို့နောက် ဘရာဇီးတို့ ကွင်းလယ် ကစားကွက် အသာစီးရကာ ချီလီ နောက်တန်းကို အကြိမ်ကြိမ်ထိုးဖောက် ကစားရာမှ မိနစ် ၂၀ တွင် ရော်ဘင် ဟို က တစ်ဂိုးသွင်းယူပြီး ပွဲချိန် ၂၆မိနစ်၊ ၅၀မိနစ်နှင့် ၉၂မိနစ်တို့တွင် အက်ဒရီ ရာနိုက တစ်ဦးတည်း သုံးဂိုး ဆက် တိုက်သွင်းယူခဲ့သဖြင့် ငါးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ကမ္ဘာဖလား လက်ရှိချန်ပီယံ ဘရာဇီးသည် ချန်ပီယံအဖြစ် ပထမဆုံး ကမ္ဘာဖလားခြေစစ်ပွဲဝင်ရသည့်အသင်း ဖြစ်ခဲ့ပြီး ပွဲချိန် ၂၈မိနစ်အတွင်း ချီလီကို လေးဂိုးသွင်းယူကာ ချန်ပီယံခြေစွမ်းပြ နိုင်ခဲ့သလို ၂၀၀၆ ကမ္ဘာဖလား ခြေစစ်ပွဲလည်း အောင်ခဲ့ပြီဖြစ်သည်။

ခြေစစ်ပွဲ တိုက်ရိုက်အောင်ရန် အပြင်းအထန်ကြိုးစားနေသော ဥရုဂွေး တို့ အမ်ကွင်း၌ ကိုလံဘီယာကို အနိုင် ကစားနိုင်ခဲ့သဖြင့် အခြေအနေကောင်း သွားသည်။ သို့သော်လည်း စတုတ္ထ နေရာတွင်ရှိနေသော ပါရာဂွေးနှင့် ပွဲတူ လေးမှတ်ကွာနေရာ ခြေစစ်ပွဲအောင်ရန် ကြိုးစားရဦးမည်ဖြစ်သည်။

ဥရုဂွေးတို့ အိမ်ကွင်း၌ အနိုင် ရရှိရန် ကြိုးစားခဲ့ရသည်။ ဧည့်သည် ကိုလံဘီယာအသင်းကို ဖိကစားထား နိုင်ပြီး ၃၉မိနစ်၊ ၅၁ မိနစ်နှင့် ၈၅ မိနစ် တို့တွင် ဥရုဂွေးတိုက်စစ်မှူး မာစီလို ဧာလာယီတာက တစ်ဦးတည်း သုံးဂိုး သွင်းကာ ဟက်ဆရစ်ယူနိုင်ခဲ့သည်။

ကိုလံဘီယာအတွက် ချေပဂိုး များကို ဒုတိယပိုင်း ၇၉ မိနစ်တွင် အီလင်င်ဆိုတိုက တစ်ဂိုး၊ မိနစ် ၈၀ တွင် ဂျွန်ပက်လိုအင်ဂယ်က တစ်ဂိုး သွင်းယူခဲ့၍သာ ကိုလံဘီယာတို့ ဂိုးပြတ်မရှုံးခဲ့ရခြင်းဖြစ်သည်။

တောင်အမေရိကဇုန်တွင် ထိပ်ဆုံး လေးသင်း တိုက်ရိုက်ခြေစစ်ပွဲ အောင် မြင်မည်ဖြစ်ရာ ယခုအခါ အာဂျင် တီးနှာနှင့် ဘရာဇီးတို့ တိုက်ရိုက် ခြေစစ်ပွဲအောင်မြင်ခဲ့ပြီ ဖြစ်သည်။

အာရှဇုန်မှ ဂျပန်၊ အီရန်၊ တောင် ကိုရီးယားနှင့် ဆော်ဒီအာရေဗျအသင်း တို့ ခြေစစ်ပွဲအောင်ခဲ့ပြီဖြစ်သကဲ့သို့ ကွန်ကာကက်ဖရန်းမှအမေရိကန်အသင်း ခြေစစ်ပွဲ ဦးစွာအောင်လာသည်။

ဥရောပဇုန်မှ အိမ်ရှင်ဂျာမနီနှင့် ယူကရိန်းတို့ ခြေစစ်ပွဲ အောင်လာ သဖြင့် ယခုအချိန်အထိ ဇုန်အသီးသီးမှ ခြေစစ်ပွဲအောင်လာသော တောလုံး အသင်းများမှာ ကိုးသင်းရှိပြီဖြစ် သည်။ **(အင်တာနက်)**

၂၀၀၆ ကမ္ဘာဖလား ဘောလုံးပြိုင်ပွဲ ထောင်အမေရိကနှစ် ခြေစစ်ပွဲအဖြစ် ဘရာဇီးနှင့် ချီလီတို့ ယှဉ်ပြိုင်ကစားရာ ဘရာဇီးက ငါးဂိုးပြတ်သွင်းယူလိုက်နိုင်သဖြင့် အောင်ပွဲခံနေသော ဘရာဇီး တိုက်စစ်မှူး ရော်ဘင်ဟိုနှင့်ကာကာ တို့ကို တွေ့ရစဉ်။ (အင်တာနက်)



မြန်မာနှင့်မလေးရှား တတိယနေရာလုမည်

ရန်ကုန် စက်တင်ဘာ ၅

၂၀၀၅ ခုနှစ် အာဆီယံ အသက် (၂၃)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ ပထမအကြိမ်ဗိုလ်လုပွဲစဉ်ကို ယနေ့ ညနေပိုင်းက ထိုင်းနိုင်ငံ ဗန်ကောက် မြို့၌ကျင်းပရာ စင်ကာပူလူငယ် အသင်းက မြန်မာလူငယ်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ် လုပွဲသို့ တက်ရောက်သွားသည်။

စင်ကာပူလူငယ်အသင်းက ပထမ ပိုင်း၌ ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ မြန်မာလူငယ်အသင်းအတွက် ချေပ ဂိုးကို ဒုတိယပိုင်းပွဲမျိုရှိ ၃ မိနစ်တွင် မလလကသွင်းယူပေးသည်။ စင်ကာပူ လူငယ်အသင်းက ဒုတိယဂိုး ထပ်မံ သွင်းယူနိုင်သဖြင့် ပွဲအပြီးတွင် နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

တတိယနေရာလုပွဲ

စက်တင်ဘာ ၇ ရက် မြန်မာ စံတော်ချိန် ညနေ ၅နာရီ ၁၅မိနစ်တွင် တတိယနေရာလုပွဲအဖြစ် မြန်မာ လူငယ်အသင်းနှင့် မလေးရှားလူငယ် အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ် ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

■ ကျောခုံးမှ

အောင်ပွဲရ မြန်မာလူငယ် လက်ရွေးစင်ဘောလုံးအသင်းအား ပြည်သူများက သောင်းသောင်းဖြဖြကြီဆိုနိုင်ရန် ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်မှ လေယာဉ်ကွင်းလမ်းဆုံ၊ ၎င်းမှ ပြည်လမ်းအတိုင်း ရှစ်မိုင်လမ်းဆုံ ဆက်လက်၍ လှည်းတန်းလမ်းဆုံ ထိုမှ အလုံလမ်းအထိ ၎င်းမှအလုံလမ်းအတိုင်း ဦးဝိစာရအတိုင်းမှ ရွှေတိဂုံဘုရားလမ်းဆုံအထိ ၎င်းမှ ရွှေတိဂုံဘုရားလမ်းအတိုင်း ဗိုလ်ချုပ်အောင်ဆန်းလမ်းဆုံအထိ ၎င်းမှ ဗိုလ်ချုပ်ဈေးရှေ့မှဖြတ်ကာ ကုန်သည်ကြီးများဟိုတယ်ထောင့် လမ်းဆုံမှအလယ်ပြဘုရားလမ်းအတိုင်း သမ္မတရုပ်ရှင်ရုံရှေ့မှ အောင်ဆန်း အားကစားပြိုင်ဝင်း အထူးတန်းပွဲကြည့်စင်အထိ မော်တော်ယာဉ်များဖြင့် လှည်းလည်ဂုဏ်ပြုခံမည်ဖြစ်သည်။

အောင်ဆန်းအားကစားပြိုင်ဝင်း၌ မွန်းလွဲ ၁၂နာရီခွဲမှစ၍ မြန်မာ လူငယ်ဘောလုံးအသင်းအား ကြေဆိုဆည်ခံဖျော်ဖြေကြေညည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစာ)**

ရန်ကုန်အနောက် ပိုင်းခရိုင် မြန်ကြီး ရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီး ဌာနက ကြီးမှူး၍ သြဂုတ် ၂၄ ရက်က ကျောက်တံတား ဖြို့နယ် အမက(၅) တွင် နယ်လည့် စာကြည့်တိုက်၊ နံရံ ကပ် စာစောင်၊ ဓာတ် ပုံ ပြ ပွဲ နှင့် ဟောပြောပွဲ ဖွင့်ပွဲ ကျင်းပရာ ခရိုင် ပညာရေးမှူး ဦးအောင်ကြည်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ကိုနှင့် ကျောင်းဆုပ်ဆရာကြီး ဦးလှကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြား

၆–၉–၂၀၀၅(အင်္ဂါနေ့)

နံနက်ပိုင်း

ဂ:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင် ချုပ် အဘိဓေမဟာရဋ္ဌဂုရု အဘိဓေအဋ္ဌမဟာသဒ္ဓမ္ဓ ဓောတိက ဟိဝိဌကရေ ဓမ္မသာဒ္ဓာဂါရိက ဆရာတော်ဘုန္ဒန္တ ဝိဓိတ္တာသာရာ ဘိဝံသ၏ ပရိတ်တရားတော်

ဂ:၂၅ ၂။ ကျန်းမာဖွယ် အတူကစားစို့

ဂ:၃၀ ၃။ နံနက်ခင်းသတင်း

ဂ:၄၀ ၄။ သံသာရချိန်အေးမင်္ဂလာတေး

ဂ:၅၀ ၅။ ကဗျာပန်းဥယျာဉ်

ဂ:၅၅ ၆။ အတီးပြိုင်ပွဲ

ဂ:၁၀ ၇။ နေ့ဝင်းခေတ်တေးပဒေသာ

ဂ:၂၀ ၈။ အကပြိုင်ပွဲ

ဂ:၂၅ ၉။ သင်ပုန်းရေလှောင်တမ်

ဂ:၃၀ ၁၀။ International News

ဂ:၄၅ ၁၁။ Let's Go

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီဆောင်း၊ စစ်သည်တော်

၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ

၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(သတ္တဗေဒ အထူးပြု) [သတ္တဗေဒ]

၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက

၁၆:၅၅ ၅။ ၂၀၀၅ခုနှစ် ထောရသမဒေကြိမ် (၁၃ကြိမ်) မြန်မာ့ဂီးရာ ယဉ်ကျေးမှု အဆိုအကကအရေး၊ အတီးပြိုင်ပွဲဝင်များ ဝေလေး နိုင်ကြရန်(ကာလပေါ်တေးနှင့် ဓောတ်ဆာင်းတေး)

(အခြေခံပညာ ၁၅–၂၀နှစ်) [အမျိုးသား]

၁၇:၁၀ ၆။ ခံစားနားဆင်တေးဓာတ်ဝင်

၁၇:၂၀ ၇။ သားငါးဖွဲ့ ပြီးပြည့်အကျိုး

၁၇:၃၀ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်

၁၈:၁၀ ၉။ နိုင်ငံခြားကာတွန်းဓာတ်လမ်းတွဲ **"ရယ်ရွှင်ဆောင်ပြေးပုရွက်ဆိတ်လေး"** (အပိုင်း–၂၀)

၁၈:၃၀ ၁၀။ ညနေခင်းသတင်း

၁၉:၀၀ ၁၁။ မိုးလေဝသအခြေအနေ

၁၉:၀၅ ၁၂။ နိုင်ငံခြားဓာတ်လမ်းတွဲ **"ရယ်ရွှင်ဆောင်ပြေးပုရွက်ဆိတ်လေး"** (အပိုင်း–၂၀)

၁၉:၃၅ ၁၃။ (၂၃)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲဝင်မည့် မြန်မာ့အားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင်မှုများ(လက်ဆွဲ)

၁၉:၄၅ ၁၄။ ကြေးမုံရိပ်သွင်တေးနယ်ဥ

၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း

၁၆။ နိုင်ငံတကာသတင်းများ

၁၇။ မိုးလေဝသအခြေအနေ

၁၈။ နိုင်ငံခြားဓာတ်လမ်းတွဲ **"ချစ်သောနေခြည်"** (အပိုင်း–၁၀)

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန နယ်လှည့်စာကြည့်တိုက်နှင့် ဟောပြောပွဲကို သြဂုတ် ၃၀ရက်က အမက (၄၆)သာကေတ ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးအေးလှသိန်းနှင့် ကျောင်းအုပ် ဆရာကြီး ဦးမျိုးဖြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၂၅)

သုတပဒေသာစာစောင်ပြန့်ချိုရောင်းချ

ရန်ကုန် စက်တင်ဘာ ၅

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ၂၀၀၅ ခုနှစ် စက်တင်ဘာထုတ် သုတပဒေသာစာစောင် အတွဲ(၃၂) အမှတ်(၉)ကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။

ယခုလထုတ်သုတပဒေသာ စာစောင် အတွဲ (၃၂) အမှတ်(၉) တွင် အာဆီယံဒေသ၏ကာတွန်း၊ ရုပ်ပုံများတိုးတက်မှု၊ တံတားပမာ ကျောင်းဆရာ၊ အီးဘုတ် အတွက် စာမျက်နှာသစ်၊ ရှက်ကြောက်ဖွယ်ရာ ကြိမ်ဒဏ်၊ ရေခဲဖွေးဖွေး ရွေးရွေးထွေးထွေး တဒဏ် အတွေ့များ စသည့် သုတဆောင်းပါးများအပြင် ပါနေကျ ကဏ္ဍများဖြစ်သည့် ဘာသာပြန်ကဗျာ၊ ဟာသ၊ ဝတ္ထုတို၊ နိုင်ငံတကာမြင်ကွင်း၊ သုတတိုထွာ၊ ကမ္ဘာ့မှုးယစ်ဆေးဝါးသတင်းတို့ ပါရှိသည်။

ဝယ်ယူရရှိနိုင်

သုတပဒေသာ စာစောင်မှာ လစဉ်ထုတ်ဝေသည့် ဘာသာပြန်မဂ္ဂဇင်းဖြစ်ရာ နယ်မှ တစ်ဦးချင်းမှာကြားဝယ်ယူလိုလျှင် ဖြစ်စေ၊ စာကြည့်တိုက်များက ဝယ်ယူလိုလျှင်ဖြစ်စေ အလိုရှိသော စောင်ရေအတွက် ကျသင့်ငွေနှင့် ပို့ခစရိတ်ကို ဘဏ်ငွေလွှဲလက်မှတ် (သို့မဟုတ်) ဆက်သွယ်ရေးငွေလွှဲစာဖြင့် မန်နေဂျာ (အရောင်း) စာပေဗိမာန် (၅၂၉/၅၃၁) ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း–၃၈၁၄၄ဃသို့ လိပ်မူပေးပို့မှာကြားနိုင်သည်။ ထို့အပြင် ရန်ကုန်မြို့၊ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင်နှင့် ရန်ကုန်နှင့်နယ်ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကင်း ပြည်သာယာ ရွှေပြည်ဟိန်းကျောင်းဌာ ဖွင့်လှစ်ထားသော ဗဟိုလိုပြစ်ဆေးခန်းအတွက် ဗဟန်း(၁)လမ်း မြို့မရပ်ကွက် အမှတ် ၈၆ ဦးမင်းတင့်ဆန်း–မိခင်ချိုချို၊ သားမင်းလင်းစော်ဦး၊ သမီး မိတက်ရည်တင့် မိသားစုက အလှူတော်ငွေကျပ်တစ်သိန်း လှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော်က ဂုဏ်ပြုလွှာချီးမြှင့်တော်မူစဉ်။ (၈–၀)

သတင်းဆာရောင်းဈေး ပြင်ဆင်သတ်မှတ်ခြင်း

၁။ အများပြည်သူများ သတင်းအချက်အလက်နှင့် အသိပညာဗဟုသုတ တိုးပွားစေရေးကိုရှေးရှု၍ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ နေ့စဉ်ထုတ်ဝေလျက်ရှိသော မြန်မာ/အင်္ဂလိပ်သတင်းစာများကို အမြတ်အစွန်းအား ပဓာနမထားဘဲ မူရင်းကုန်ကျစရိတ်ထက် အရှုံးခံကာ သက်သာသောရောင်းဈေး တစ်စောင်လျှင် ၁၀ကျပ်နှုန်းဖြင့် ရောင်းချပေးလျက်ရှိပါသည်။

၂။ ယခုအခါ ကမ္ဘာနှင့်အဝန်းတွင် သတင်းစာစက္ကူနှင့် ပုံနှိပ်လုပ်ငန်းသုံးပစ္စည်းဈေးနှုန်းများ ပိုမိုမြင့်တက်လာသဖြင့် မြန်မာ/အင်္ဂလိပ် သတင်းစာ တစ်စောင်စီ၏ ထုတ်လုပ်မှုကုန်ကျစရိတ်သည် ၆၅ကျပ် ပြားငုဝ ရှိနေပါသည်။

၃။ သို့ပါ၍ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ နိုင်ငံတော်မှ စိုက်ထုတ်အကုန်အကျခံထားရသော ကုန်ကျစရိတ်များ လျော့နည်းသက်သာစေရန်နှင့် ပြည်သူများအတွက်လည်း တတ်နိုင်သမျှ သင့်တင့်သည့် သက်သာမှုရှိစေရန်ရည်ရွယ်၍ ၂၀၀၅ခုနှစ် အောက်တိုဘာလ ၁ရက်နေ့မှစပြီး မြန်မာ/အင်္ဂလိပ် သတင်းစာ တစ်စောင်စီ၏ ရောင်းဈေးကို မူရင်းကုန်ကျစရိတ်ထက် လျော့နည်းသောဈေး ဖြစ်သည့် ကျပ်၅၀နှုန်းဖြင့် ပြောင်းလဲပြင်ဆင်သတ်မှတ် ရောင်းချသွားမည် ဖြစ်ပါသည်။

၄။ သတင်းစာဖြန့်ချိသူ ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ ဆက်လက် ဝယ်ယူလိုသော သတင်းစာအမျိုးအစားနှင့် စောင်ရေကို သက်ဆိုင်ရာ သတင်းစာ တိုက်များနှင့် ဆက်သွယ်ညှိနှိုင်း မှာကြားသွားရန်ဖြစ်ကြောင်း ကြိုတင်အသိပေး အပ်ပါသည်။ **သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း**

သစ်ခွဆကြောင်းသိကောင်းစရာဆွေးနွေးပွဲတက်ရောက်နိုင်

ရန်ကုန် စက်တင်ဘာ ၅

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းက စိစဉ်ကျင်းပပေးမည့် "အာဖရိကသစ်ခွအကြောင်း သိကောင်းစရာ" ဆွေးနွေးပွဲကို စက်တင်ဘာ ၁၁ရက် ညနေ၄နာရီခွဲတွင် ရန်ကုန်မြို့၊ ပြည်ထောင်စုအေးရိပ်ငြိမ်ခန်း၊မဆောင်တွင် ကျင်းပမည်ဖြစ်ရာ တောင်အာဖရိကနိုင်ငံ South African Biodiver Sity Institute မှ ကွန်မ်ပတင်စ်ပင်ပြတိုက်မှ သိပ္ပံပညာရှင် ဒေါက်တာဟူးဘတ်ကာစ်ဝဲလ်သည် "အာဖရိကသစ်ခွ"ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆိုအခမဲ့ တက်ရောက်နိုင်ကြောင်းသိရသည်။

ဒေါက်တာ ဟူးဘတ်ကာစ်ဝဲလ်သည် စက်တင်ဘာ ၁၂ရက်တွင် မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း အလုပ်အမှုဆောင် သစ်ခွပညာရှင် ဦးစောလွင်နှင့် အတူ ချင်းပြည်နယ်ရှိ နတ်မတောင် အမျိုးသားဥယျာဉ်နှင့် ကျောက်ပန်းတောင်းဖြို့နယ်ရှိ ပုပ္ပားတောင် ဥယျာဉ်များသို့ သစ်ခွလေ့လာရေးခရီး သွားရောက်ကြမည်ဖြစ်သည်။ **(က–ပ)**

EAC Discount

ဝေဒဂုဏ် နှင့် ကိတ်၊ မုန့်မျိုးစုံသင်တန်း

EAC 01-536294,09-94-73162

ကနဲ့ကဒ်ဆိုင်ပါ သဘည်

ကနဲ့ကဒ်ဆိုင်ကယ် အမှတ် ၁ယ/၂၂၅၇၃ မော်တော်ဆိုင်ကယ်လက် ဝယ်ရှိရွှက(ကမ–၃)မိတ္တူလျှောက်ထား လာပါသဖြင့် ကနဲ့ကွက်လိုသူများသည် ၁၅ရက်အတွင်း ကည့ရှု ပြည်နယ်ရုံး၊ ကျိုင်းတုံသို့ ဆက်သွယ် ဆောင်ရွက်ပါရန်။ **ကည့ရှုပြည်နယ်ရုံး၊ ကျိုင်းတုံ။**

Model ဟောင်း Auto Voltage Second Hand TV များ ရောင်းလိုပါက ဆက်သွယ်ပါ။ ဦးမြ ဖုန်း ၇ဂ၆ ၆ဂ၆

KMD ကိုင်ဝင်ကီနည်းပညာပြုပြင်နှင့် အထူးရောရောင်းပွဲ

Computer Sales & Service Centre

နည်းပညာဆန်မှုများနှင့်အတူ ကွန်ပျူတာများ၊ ၎င်းတို့နှင့်ဆက်သွယ်ရမည့် ဝန်ဆောင်မှုများကို အထူးလျှော့ဈေးဖြင့် ရောင်းချပေးသွားမည်။

ရက်စွဲ - ၁၁ စက်တင်ဘာလ ၂၀၀၅ (တနင်္ဂနေ့)

အချိန် - မွန်းတည့် (၁၂) နာရီမှ ညနေ (၅) နာရီအထိ

နေရာ - Strand Hotel - မော်လာမဲမြို့

☎ 245180, 204071, 391284, 500295, 502233

ကနဲ့ကဒ်ဆိုင်ပါ သဘည်

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ် ၃၀ အေ၊ မြေကွက်အမှတ် ၄အို၊ ၈ရိယာ(၀သမရ၃၃)ကေရို မြေပိုင်မြေကွက်နှင့် ယင်း မြေကွက်ပေါ်ရှိ အမှတ် (၈) ဓာတမိရိပ်သာလမ်း ဗဟန်းမြို့နယ်ဟု ခေါ်တွင်သည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို အမည်ပေါက် ပိုင်ဆိုင်သူ ဦးကျော်ငြိမ်းထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူ ရန် တန်ဖိုးငွေတချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေနှင့်အဆောက်အအုံနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်တို့ထံသို့ နှိုင်းလုံသောအထောက်အထားများနှင့်တကွ ယနေ့ကြေငြာသည့်နေ့မှခုနစ်ရက်အတွင်းလုက်ပိတ်ပိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အထက်ပါမြေနှင့် အဆောက်အအုံ၏ တရားဝင်အရောင်းအယ်ဂိစ္စကိုအပြီးအပြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးသက်တွန်း B.A,(Law),LL.B ခေါ်ကြည်ကြည်ရွှေ B.A,(Law),LL.B

တရားရုံးချုပ်ရှေ့နေများ

တိုက် (၃၁၅)၊ အခန်း(၆)၊ ရန်အောင်လမ်းသွယ်(၃)၊ ရန်ကင်းမြို့နယ်။

ဖုန်း–၅၅ဝ၈၁ ၊ ၀၉–၅၀–၁၅၂၄၄ ၊ ၅၄ဝ–ခ–၃၈၈

ကုန်စည်ပြပွဲနှင့်ဈေးပွဲတော်

ပန်းပေါက်မြို့ - (၂၄-၉-၀၅)မှ(၂၄-၉-၀၅)

မြစ်ကြီးနားမြို့ - (၁၀-၀-၀၅)မှ(၆-၁၀-၀၅)

တောင်ကြီးမြို့ - (၁၂-၁၀-၀၅)မှ(၁၈-၁၀-၀၅)

SMART BUSINESS GROUP မှ တရားဝင်ပေးသည်။

ဆက်သွယ်ရန် ဖုန်း -၀၁ ၅၅ဝ ၂၂ဃ ၀၉ ၅၅ဝ၅၄ဝ

အကောင်းကြိုက်သူများအတွက် ဘန်

စပါယ်ရယ်ပစ္စည်းများ

ဘဏ်ကောင်းဆေးသွေးသန်များ ဆေးကောင်းတဲ့ ဆေးကောင်းရဲ့ ၁၂ပြည်၊ ၂၄ပြည်ပိတ်ပစ်များကို ပုံစံပြန်ပြင်ပြီးမှ ကြားမည့် ပိတ်ရောက်မည့်ဘိန်းဆေးရောက်ပို့ဆေးပါသည်။ အမှတ်(၇၂/၂)ယုဇနပလမ်း ဘုရားကုန်းနောင်ပွဲခံတန်း ၆၆၁၂၄၅ လုတ်ခ်ခ်ခ်ရေးခွင့်–ခ၁၉၂ ဂေါ်ခ်ခ်ခ်ခ်–ခ၁ဃ၁ ခ၁ဃ

Y.E.S. English Language Centre

Basic Spoken English: SEP-12,17,19,24,26

Basic Writing,TOEFL : SEP - 19, OCT - 3

Grammar Foundation Course : SEP - 26

Pre-Intermediate English : SEP - 12,19,26

Vocabulary Enrichment Course: SEP- 26

IELTS,AWC,API(4-Skills),SAT,IE

No. 190, 2nd Flr., 28th St (Upper Block),Pabedan Tsp ☎ 243950

ကလေးများအတွက် အင်္ဂလိပ်ဘာသာစကားသင်တန်းများ

English Language Proficiency for Young Learners

Levels (I), (II), (III) and (IV)

10 September,2005 ရက်

G.X MOTORCYCLE BATTERY MAINTENANCE FREE

SAYA-TONY

IELTS / FCE

- Spoken English Course
- Grammar & Essay Writing Course
- All Round Development (4 Skills)
- Foreign Going English Course

ကျွန်ုပ်

☎:682928

ပေါ်အန်းမြေ

- ဦးလှမိုး၊ မော်လာရမ်း၊ ပျဉ်မနောဝေ
- ဦးစိုးလွင်၊ မြို့မရေတမ္ပယ်၊ တောင်ငူ
- ဘကြီးဆန်ပွဲရုံ ယူနစ်စာပွဲခုံရေး ပီတ္ထီလာ
- ဦးဆေးလွန်းဆောင်း၊ ဝင်းသစ္စာဆန်ပွဲရုံ တင်ကုန်ပြီး

ရေကျနောက်စိုက်လယ်မြေများ မိုးစပါးအပြီးသတ်စိုက်ပျိုး ထားဝယ်ခရိုင်၌ စုပေါင်းသမန်းနှီး ပေါင်းလိုက်

ထားဝယ် သြဂုတ် ၃၁

ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ညိုသည် သြဂုတ် ၂၀ရက် နံနက် ၇နာရီခွဲက ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဇင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်းလွင်နှင့် ခရိုင်၊ မြို့နယ်အဆင့် စိုက်/ကြပ်အဖွဲ့များနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ခရိုင်အတွင်းရှိ ရေကျနောက်စိုက်လယ်မြေများတွင် မိုးစပါးအပြီးသတ် စိုက်ပျိုးထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌနှင့် အဖွဲ့သည် ထားဝယ်မြို့နယ် သဗြေချောင်းကျေးရွာအုပ်စု၊ ဇဟာကျေးရွာအုပ်စုနှင့် မောင်မယ်ရှောင်ကျေးရွာအုပ်စုများရှိ ရေကျနောက်စိုက်လယ်မြေများတွင် မိုးစပါးစိုက်ပျိုးပြီးစီးမှုများကို စစ်ဆေးပြီး တောင်သူဦးကြီးများ စုပေါင်း၍ သမန်းနှီးပေါင်းလိုက်ဆောင်ရွက်ခြင်းများကို ကြည့်ရှုအားပေးကာ(ယာပုံ) ရေကျနောက်စိုက် လယ်မြေများအားလုံး စိုက်ပျိုးရာသီမကုန်မီ အပြီးသတ် စိုက်ပျိုးကြရန် တောင်သူကြီးများနှင့် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်းသိရသည်။(**စိုက်ပျိုးရေး**)

အိမ်မဲမြို့နယ် ရေသိုးသောင်ဝိုင်းကျေးရွာအုပ်စု မြို့ဝင်ကေ ၄၀၀ မိုးစပါး စံပြစိုက်ကွင်း၌ ငါးမျိုးစိုက်ထည့်ပွဲကို သြဂုတ် ၂၉ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးနိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်တိုးမြှင့်နှင့် မွေးတိုးမြှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တောင်သူလယ်သမားများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးသိန်းနှင့် ဝန်ထမ်းများစုပေါင်း၍ ငါးခုံးမကြီးကောင်ရေ တစ်သိန်း၊ ရွှေဝါငါးကြင်းကောင်ရေ ၂၅၀၀၀တို့ကို မျိုးစိုက်ထည့်ပေးကြစဉ်။ (က–ပ)

ဟင်္သာတမြို့နယ် သာယာလှပရေးနှင့် ကျောက်ချောခင်းရန် ကျောက်စုဆောင်း ဧရာဝတီတိုင်း စည်ပင်သာယာညွှန်ကြားရေးမှူး ဦးစိုးတင့် ကွင်းဆင်းစစ်ဆေး

ဟင်္သာတ စက်တင်ဘာ ၁

ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်သည် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးနေဦး လိုက်ပါလျက် သြဂုတ် ၁၈ရက်က ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ရောက်ရှိ၍ ရုံးလုပ်ငန်းများအား ပုံမှန်စစ်ဆေးခြင်း၊ မြို့သာယာလှပရေးနှင့် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ဆောင်ရွက်ထားရှိမှုများ၊ ဆကာရပ်ကွက် ဗိုလ်မြတ်ထွန်းလမ်း ဘေးဝဲယာ ပလက်ဖောင်းများ ပြုပြင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ညွှန်ကြားရေးမှူးသည် အဖွဲ့ပိုင်ဒွေးဝင်းဈေးအတွင်းရှိ သား၊ ငါးတန်းများ သန့်ရှင်းကျန်းမာရေးနှင့် ညီညွတ်စေရေးအတွက် ယင်လုံဆန်ခါများဖြင့် ဖုံးအုပ်ရောင်းချထားမှု၊ ဈေးအတွင်း ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေး ဆောင်ရွက်ထားမှုနှင့် ဈေးအိမ်သာ သန့်ရှင်းမှုများကို ကြည့်ရှုစစ်ဆေးသည်။

သြဂုတ် ၁၉ရက် နံနက်ပိုင်း၌ တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် အဖွဲ့သည် ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ်တွင် ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့် ယုံသလင်း–တလုတ္တော်၊ငမဲအိုင်ကျောက်ချောလမ်းခင်းခြင်းအတွက် ကျောက်စုဆောင်းထားရှိမှုကို သွားရောက်ကွင်းဆင်းစစ်ဆေးသည်။(**အောက်ပုံ**) (**မြို့နယ် စည်ပင်**)

မော်လမြိုင်မြို့နယ် ပညာရေးဌာနကြီးမှူး အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်

မော်လမြိုင် သြဂုတ် ၂၅

မော်လမြိုင်မြို့နယ် ပညာရေးဌာနက ကြီးမှူးကျင်းပသော တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (အခြေခံပညာဆင့်) ဖွင့်ပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို သြဂုတ် ၂၀ရက်က မော်လမြိုင်မြို့ အထက(၈)ယင်းမာခန်းမတွင် ကျင်းပရာ မြို့နယ် ပညာရေးမှူး ဦးတင်ညွှန့်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲကို စတင်ကျင်းပသည်။

ထို့နောက် ပြိုင်ပွဲအပြီး ဆုပေးပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးတင်ညွှန့်နှင့် ကျင်းပရေးကော်မတီဝင်များက ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။(**၁၆၈**)

အမြို့မြို့ အနယ်နယ် သတင်းများ

မြန်မာ့အသံ

၇–၉–၂၀၀၅(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဓဇဂ္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၀း၀၀ တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးလေ့လာရန်ဓမ္မပူဇာတေး

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (စက်မှုလက်မှုအလှဆင်လုပ်ငန်း အကြောင်း)

၁၂း၀၀ မြန်မာ့အနုသဘင်(ဆရာကြီးဦးဂုဏ်ဘဏ်)

၁၂း၂၅ သူ့အတွေးနှင့် သူ့အရေး(အုတ်ကြားမြက်ပေါက်–ထက်ခေါင်)

၁၂း၃၅ တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲ ပညာရှင်အဆင့် အမျိုးသမီး လေ့လာရန် မဟာဂီတသီချင်း

၁၃း၁၀ ယဉ်ကျေးမှုအနုပညာ(မြန်မာ့အစဉ်အလာနှင့် ပုရပိုက်ပန်းချီ–ဦးမင်းနိုင်)

ညနေပိုင်း

၁၇း၀၀ တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲ ပညာရှင်အဆင့်အမျိုးသားနှင့် အခြေခံပညာအဆင့် အသက် (၅–၁၀)နှစ်အမျိုးသမီးလေ့လာရန် ခေတ်ဟောင်းနှင့် ကာလပေါ်တေးများ

၁၇း၃၀ အစာနှင့် အာဟာရ(ကောက်ရိုးမှို)

၁၇း၄၅ တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲ အခြေခံပညာအဆင့် (၁၀–၁၅)နှစ် ပတ္တလားအတီးပြိုင်ပွဲဝင်များ လေ့လာရန်

၁၈း၄၀ စာအုပ်စာပေလူ့မိတ်ဆွေ (၁)သိရန်၊ မှတ်ရန်၊ လေ့လာရန် (ဆဋ္ဌမတွဲ) (ဆရာဦးသိန်းလွင်) (၂)မေ့မရသော အတိတ်များ (ကောင်းသန့်)

၁၉း၁၅ ကာလပေါ်တူရိယာအဖွဲ့ (ညမွှေးပန်းကာလပေါ်အဖွဲ့)

၂၀း၃၀ မေတ္တာလက်ဆောင်ရတေးစီးရီး (နဒီဦးတေးသံသွင်းမှ ပေးပို့သော စုစုစံ၏ ပုပ္ပားကဗျာ)

လှိုင်ကော် မြို့နယ် စည်ပင်သာယာရေးအဖွဲ့က လောပိတ သစ်သား လူကူးတံတား အရှည် ၂၂၈ပေ၊ အကျယ် ၁၀ပေ သစ်သားပိုင်တိုင် ရိုက်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို သြဂုတ် ၁ရက်က အမှုဆောင် အရာရှိနှင့် လုပ်ငန်းခွင် တာဝန်ခံ အင်ဂျင်နီယာတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် စည်ပင်)

ကျောက်တလုံးကြီး၌ ကျေးရွာစာကြည့်တိုက်များဖွင့်

ကျောက်တလုံးကြီး စက်တင်ဘာ ၂

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် ကျောက်တလုံးကြီးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို နောင်ပစ်ကျေးရွာအုပ်စုရှိ နောင်ပစ်ရွာတွင် မှတ်ပညာစာကြည့်တိုက်၊ ဟမ်းဖိုရွာတွင် နေခြည်လွင်စာကြည့်တိုက်၊ တန်းတန်ရွာတွင် ပညာဗိမာန်စာကြည့်တိုက်၊ ဝင်းယကျေးရွာတွင် လောကအလင်းတန်းစာကြည့်တိုက်၊ ပုံဖြိမ်းကျေးရွာတွင် လင်းရောင်ခြည် စာကြည့်တိုက်၊ တခေါ့မူး ကျေးရွာ၌ ရောင်နီဦးစာကြည့်တိုက်၊ ထိဖောင်းကျေးရွာတွင် ဘဝသစ်စာကြည့်တိုက်၊ ပုံဆွေပင်ကျေးရွာ၌ ပညာပျိုးခင်း စာကြည့်တိုက် (**အောက်ဝဲပုံ**)နှင့် နားတီကျေးရွာအုပ်စု ဝါးလှကျေးရွာတွင် သုတစံအိမ်စာကြည့်တိုက်များ ဖွင့်ပွဲအခမ်းအနားကို သြဂုတ် ၂၅ရက်က အဆိုပါစာကြည့်တိုက်များတွင် ကျင်းပသည်။

ဖဲကြိုးဖြတ်

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန (ရုံးချုပ်) မှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဆွေ၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဝင်း၊ ခရိုင်ဦးစီးအရာရှိ ဦးတင်ဝင်း ၊မြို့နယ်စခန်းမှူး ရဲအုပ်ဌေးဦး၊ မြို့နယ်ဦးစီးမှူး ဦးမျိုးညွှန့်ရွှေနှင့် ကျေးရွာဥက္ကဋ္ဌများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

အဆိုပါ စာကြည့်တိုက်များအတွက် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနဦးစီးမှူး ဦးစန်းလွင်က ဂျာနယ်မျိုးစုံ ၁၉၀နှင့် ရတနာဝင်း သစ်စက်မှ မဖြိုးရတနာဇော်က မဂ္ဂဇင်းမျိုးစုံ ၃၅ အုပ်တို့ကို ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

(**မြို့နယ် ပြန်/ဆက်**)

6-9 (15).p65 1 3/24/05, 5:10 PM

မိုးစပါးကောက်စိုက်ပြိုင်ပွဲ မိုင်းပန်ဒ္ဒကျင်းပ

မိုင်းပန် သြဂုတ် ၃၁

၂၀၀၅ခုနှစ် မြို့နယ်အဆင့် မိုးရာသီကောက်စိုက်ပြိုင်ပွဲအခမ်းအနားကို သြဂုတ် ၁၇ရက်က မိုင်းပန်မြို့ လျှိုင်ရွှဲ့အရှေ့ကွင်း တောင်သူဦးကျောင်း၏ လယ်မြေတွင်ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးချုပ်ညွှန့်လှိုင်နှင့် စစ်ဘက်ဆိုင်ရာ အရာရှိများ၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး အောင်မောင်းနှင့် တာဝန်ရှိသူများ၊ မိုင်းပန်မြို့မှဌာနဆိုင်ရာ တာဝန်ရှိသူ များ၊ လူမှုရေး အသင်းအဖွဲ့များနှင့် တောင်သူလယ်သမားများ တက်ရောက်ကြသည်။

ပါဝင်ယှဉ်ပြိုင်

အခမ်းအနားတွင် ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ အသင်းငါးသင်း ပါဝင် ယှဉ်ပြိုင်ကြရာ အနောက် ရပ်ကွက်က ပထမ၊ နောင်တီးကျေးရွာ အုပ်စုက ဒုတိယ၊ ရွာသစ်ရပ်ကွက်က တတိယ ရရှိကြသည်။

(မြို့နယ် ပြန်/ဆက်)

မုဒုံမြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် ဖျူဥယျာဉ် အတွင်း ပန်းအလှပင်များ ဖျိုးထောင်ထားရှိမှုအခြေအနေကို မွန်ပြည်နယ် စည်ပင်သာယာရေး အဖွဲ့ဒုတိယအင်ဂျင်နီယာ မူး ကြီးဦးအေးရှိန့် အဖွဲ့ သြဂုတ် ၁၅ရက်က ကွင်းဆင်းကြည့်ရှု စစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

မြစ်ကြီးနားမြို့၌လမ်းများ ရေရှည်ကောင်းမွန်ရန် ကတ္တရာဖာထေး

မြစ်ကြီးနား သြဂုတ် ၂၈

မြစ်ကြီးနားမြို့နယ် စည်ပင်သာ ယာရေးအဖွဲ့က မြို့တွင်းလမ်းများ ကောင်းမွန်ရေး ကတ္တရာလမ်းပေါ်နှင့် လမ်းဘေးဝဲယာ တစ်လျှောက် ရေစီး ရေလာ ကောင်းမွန်စေရေးတို့ကို စီမံ ချက်ချပြီး ဆောင်ရွက်လျက်ရှိရာ သြဂုတ် ရက်က မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင် နီယာ(၂)ဒေါ်မော်မော်သိန်းနှင်ဝန်ထမ်း များ မြို့မရပ်ကွက် ခရေပင်လမ်း မူလ လမ်းအရှည်ပေ ၁၉၀၀၊ အကျယ်၁၂ ပေ ကတ္တရာလမ်းကို လမ်းပေါက် ဖာထေးခြင်းဆောင်ရွက်ကြရာလုပ်ငန်း ဆောင်ရွက်မှု စနစ်တကျရှိစေရေးနှင့် ရေရှည် ကောင်းမွန်ရေးတို့အတွက် မြို့နယ်အမှုဆောင်အရာရှိ ဦးအေးဆွေ နှင့် အင်ဂျင်နီယာမှူးဦးသိန်းဖြင့်တို့က ကြီးကြပ် ဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

လက်တွန်းထွန်စက် မြန်နှုန်းမြင့်စွမ်းရည် လျှိုင်ကော်မြို့၌ သရုပ်ပြ

လျှိုင်ကော် သြဂုတ် ၃၁

ကယားပြည်နယ် လျှိုင်ကော်မြို့ ပဒါးလေးကျေးရွာတွင် သြဂုတ် ၁၇ ရက်နံနက် ၈ နာရီက လယ်ယာ-၁၆ လက်တွန်းထွန်စက် မြန်နှုန်းမြင့် စွမ်း ရည်သရုပ်ပြပွဲ ကျင်းပရာ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမြင့်ရွှေ က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် စက်မှုလယ်ယာ ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးချစ် ဆွေက လယ်ယာ-၁၆ လက်တွန်း ထွန်စက်မြန်နှုန်းမြင့်၏ အားသာချက် နှင့် စက်မှုလယ်ယာဦးစီးဌာနမှ ထုတ် လုပ်သည့် လယ်ယာသုံးစက်ကိရိယာ များ၏ ရောင်းချရေးစနစ်အကြောင်း များကို ရှင်းလင်းတင်ပြပြီး ကျေးရွာ များမှ တောင်သူကြီးများက လယ် ယာ-၁၆ လက်တွန်း ထွန်စက်မြန်နှုန်း မြင့်စွမ်းရည် သရုပ်ပြမောင်းနှင်မှုနှင့် လယ်ယာ-၁၆ လက်တွန်းထွန်စက်မြန် နှုန်းမြင့်စက်များ ပြသမှုကို ကြည့်ရှု အားပေးကြသည်။ **(စိုက်မျိုးရေး)**

ဆိပ်ဖြူမြို့နယ်၌ လင်းရောင်ခြည်စာကြည့်တိုက်ဖွင့် ရည်ရွယ်ချက်ရှင်းလင်း၊ စာအုပ်မျိုးစုံလှူဒါန်း

ဆိပ်ဖြူ စက်တင်ဘာ ၂

ဆိပ်ဖြူမြို့နယ် အေးချမ်းသာ ယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကျေးရွာပြည်သူများ ပူးပေါင်းတည် ထောင်သော ရောင်ခြည်ဦး ကိုယ်အား ကိုယ်တိုးစာကြည့်တိုက် ဖွင့်ပွဲအခမ်း အနားကို သြဂုတ် ၂၉ရက် နံနက် ၉ နာရီက ပင်းတလဲကျေးရွာ စာကြည့် တိုက်၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်အေး ချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးရဲလှ၊ မြို့နယ်ဦးစီးမှူး ဦးမြင့် စိုးနှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဓော်နိုင် တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြ သည်။ **(အမေါ်ပုံ)**

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးရဲလှ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး အောင် စိုးတင်တို့က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးမြင့်စိုးက စာကြည့် တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက် နှင့်ရေရှည်တည်တံ့ရေးတို့ကိုရှင်းလင်း ဆွေးနွေးသည်။

ကျေးဇူးတင်စကား

ဆက်လက်၍ စာပေဝါသနာရှင် အလှူရှင်များက သုတ၊ ရသ၊ မဂ္ဂဇင်း နှင့် ဂျာနယ်မျိုးစုံအုပ် ၃၀၀ကို လှူဒါန်း ကြရာ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဓော်နိုင် က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

အသက် (၇၅)နှစ်အထက် စစ်မှုထမ်းဟောင်းများ ထောက်ပံ့ကြေးပေးအပ်ပွဲ ဘားအံမြို့နယ်တွင် ကျင်းပ

ဘားအံ သြဂုတ် ၃၁

ဘားအံမြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီ၏ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ပညာသင်ကြားလျက်ရှိသော စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲနှင့် အသက်(၇၅)နှစ် အထက် စစ်မှုထမ်းဟောင်းများအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို သြဂုတ် ၂၃ရက်က မြို့နယ်အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စစ်မှု ထမ်းဟောင်း စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်ကြီးသက်ဦးရှိန်(ငြိမ်း)က အဖွင့်အမှာစကားပြောကြားပြီး အလှ ရှင် ဒုတိယအရာခံဗိုလ်လှဝင်း (ငြိမ်း) က လှူဒါန်းသော အသက်(၇၅)နှစ် အထက် စစ်မှုထမ်းဟောင်းများအတွက် အလှူငွေကျပ်တစ်သိန်းကို ဘားအံခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အသက် (၇၅) နှစ် အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၃၆ဦးနှင့် တက္ကသိုလ်ဆင့် ၅၀၊ အထက်တန်းဆင့် ၁၄၂ဦး၊ အလယ် တန်းဆင့် ၉၉ဦးနှင့် မူလတန်းဆင့် ၁၅ဦးတို့အား မြို့နယ်စစ်မှုထမ်း ဟောင်းစည်းရုံးရေးကော်မတီဥက္ကဋ္ဌက ထောက်ပံ့ငွေကျပ် ၈၇၀၀၀ ကို ပေးအပ်ချီးမြှင့်သည်။ **(အောက်ပုံ)**

(မြို့နယ်စစ်မှုထမ်း)

ကျောက်ဖြူမြို့နယ် အောင်သရဖူကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့် ရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့ရေးရှင်းလင်း၊ စာအုပ်နှင့်ငွေလှူဒါန်း

ကျောက်ဖြူ စက်တင်ဘာ ၂

ကျောက်ဖြူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက် ဆံရေးဦးစီးဌာနက ဦးဆောင်၍ ကျောက်ဖြူမြို့နယ် အုန်းတောကျေးရွာအုပ်စု ဖြိုင်းစေ့ကေကျေးရွာတွင် အောင် သရဖူ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်း အနားကို သြဂုတ်၂၆ရက်က ဖြိုင်းစေ့ကေကျေးရွာ အခြေခံ ပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ရေးဦးစွာ ဖြိုင်းစေ့ကေကျေးရွာ ကိုယ့်အားကိုယ်ကိုး အောင်သရဖူ စာကြည့်တိုက်ကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဦးခင်မောင်လှနှင့် အုန်းတောကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမောင်ချိုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး ကြသည်။ **(အောက်ပုံ)**

ထို့နောက် ခရိုင်ဦးစီးအရာရှိ ဦးခင်မောင်လှက အမှာစကားပြောကြားပြီး စာကြည့်တိုက်ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်နှင့် စာကြည့်တိုက် ရေရှည်တည်တံ့ရေး အတွက် ဆောင်ရွက်ရမည့် နည်းလမ်းများကို ရှင်းလင်း ဆွေးနွေးသည်။

လက်ခံရယူ

ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနမှ စာအုပ်၊ စာဆောင် ၁၆၇အုပ်၊ ကျေးရွာပြည်သူ များက စာအုပ် ၁၂၀နှင့် အလှူငွေကျပ် ၂၅၀၀၀ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးစိုးမိုးအောင်က လက်ခံရယူကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရွှေတောင်မြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဖွင့်

ရွှေတောင် စက်တင်ဘာ ၂

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည် ခရိုင် ရွှေတောင်မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ရပ်ကွက်နှင့် ကျေးရွာ အုပ်စုပေါင်းစုံ ဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို သြဂုတ် ၂၉ ရက် ညနေက မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။အခမ်းအနားတွင်မြို့နယ် ဥက္ကဋ္ဌ ဦးသန်းမြင့်က အဖွင့်အမှာ စကား ပြောကြားပြီး ပြိုင်ပွဲဝင် အသင်းများက အားကစားသစ္စာ အဓိဋ္ဌာန်ကို စုပေါင်း ရွတ်ဆိုကြကာ မြို့နယ်ဥက္ကဋ္ဌအား အသင်းလိုက် စစ် ကြောင်းပုံဖြင့် ချီတက် အလေးပြုကြ သည်။ **(အမေါ်ပုံ)**

ထို့နောက် ပြိုင်ပွဲကိုကျင်းပရာ မြို့နယ်ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်မောင်ထွန်းက ဘောလုံး ကန်၍ ဖွင့်လှစ်ပေးပြီး မြို့မကျေးရွာ အုပ်စုအသင်းနှင့် ကျီးသဲကျေးရွာအုပ်စု အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြို့မအသင်းက ကျီးသဲအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ အဆိုပါပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ၂၆သင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဒိုက်ဦးမြို့နယ် ကျေးရွာတိုးတက်ထွန်း စာကြည့်တိုက်ဖွင့် အဆောက်အအုံနှင့် သုတ၊ရသ စာအုပ်များ ပေးအပ်လှူဒါန်း

ဒိုက်ဦး သြဂုတ် ၂၆

ဒိုက်ဦးမြို့နယ် ကလီကျေးရွာအုပ်စု နှင်းဝိကျေးရွာတိုးတက်ထွန်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို သြဂုတ်၃ရက် နံနက် ၉နာရီခွဲက အဆိုပါ ကျေးရွာအဖွဲ့ဝင်(၂)ဦးကျော်ထွန်းဦးအိမ်ရှိ စာကြည့်တိုက် အဆောက်အအုံသစ်၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခုတိယဦးစီးမှူး ဦးမျိုးသူ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်သွယ်ရေး ဦးစီးမှူး ဒေါ်ခင်စန်းဦး၊ ကျေးရွာဥက္ကဋ္ဌ ဦးစံအောင်နှင့် အဖွဲ့ဝင်(၂) ဦးကျော်ထွန်းဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (ယာပုံ)

အခမ်းအနားတွင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ခုတိယဦးစီးမှူး ဦးမျိုးသူက အမှာစကားပြောကြားပြီး မြို့နယ် ဦးစီးမှူး ဒေါ်ခင်စန်းဦး က စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့ရေး အတွက် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက လှူဒါန်းသော သုတ၊ ရသ စာအုပ်များနှင့် အလှူရှင်များ လှူဒါန်းသော ဂျာနယ် စုစုပေါင်း အုပ် ၄၀၀ကို မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ခုတိယဦးစီးမှူး ဦးမျိုးသူက ပေးအပ်လှူဒါန်းရာ ကျေးရွာ အဖွဲ့ဝင်(၂)က လက်ခံရယူသည်။

အဆိုပါ တိုးတက်ထွန်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံကို ကျေးရွာအဖွဲ့ဝင်(၂)က ဆောက်လုပ်လှူဒါန်းရာ အဆောက်အအုံ တန်ဖိုးငွေကျပ် ၅ဝ၀ဝ၀၊ ဗီရိုတန်ဖိုး ကျပ် ၈ဝ၀ဝ နှင့် စာအုပ်တန်ဖိုး ကျပ် ၉ဝ၀ဝ တို့ကို အကုန်အကျခံ လှူဒါန်းကြသည်။**(မြို့နယ် ပြန်/ဆက်)**

ကော့ကရိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်း အိမ်ရာများကို သြဂုတ်၄ရက်က ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသက်နင်းဦးနှင့် အဖွဲ့ကွင်းဆင်းစစ်ဆေးရာ လက်ထောက် အင်ဂျင်နီယာ ဦးကျန်းထွေးက ဆောက်လုပ်ပြီးစီးမှုကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

ဖလမ်းမြို့နယ်တွင် စည်းရုံးရေးအခြေခံ ဆင့်ပွားသင်တန်းဖွင့်

ဖလမ်း စက်တင်ဘာ ၁

ဖလမ်းမြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ကကြီးမှူး၍ မြို့နယ်အမျိုးသမီး ရေးရာအဖွဲ့ စည်းရုံးရေးအခြေခံ ဆင့်ပွားသင်တန်း(၁/၂၀၀၅)ဖွင့်ပွဲ အခမ်းအနားကို သြဂုတ် ၃၁ရက်နံနက် စနေရက် မြို့နယ်ခန်းမတွင် ကျင်းပရာ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူ များနှင့် အမျိုးသမီးရေးရာ အဖွဲ့ အမှုဆောင်များနှင့် သင်တန်းသူ များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးသက်နိုင်က သင်တန်း အဖွင့်အမှာစကား ပြောကြား သည်။ အဆိုပါ သင်တန်းကို သင်တန်းသူ ၁၅၂ဦး တက်ရောက်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

(၇၆)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၅

ဗိုလ်တထောင်မြို့နယ် အမှတ်(၄) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အရန်အဖွဲ့ဝင် ဦးမြင့်စိုး(အင်ဂျ) လူမှုထူးချွန် (ပထမ ဆင့်)**(အမေါ်ပုံ)**သည် သြဂုတ် ၂၁ရက်က မင်္ဂလာဗျူဟာ အသင်းချုပ်၏ (၇၆)ကြိမ်မြောက် ဒါနဥပေါ်မြေ သွေး လှူဒါန်းပွဲတွင် (၇၆)ကြိမ်မြောက် သွေး လှူဒါန်းခဲ့ကြောင်းသိရသည်။**(က-ပ)**

ကလီနီအောင်မြို့နယ်၌ အလိမ်မှုစာကြည့်တိုက်ဖွင့်

ကလီနီအောင် စက်တင်ဘာ ၂

ထားဝယ်ခရိုင် ကလီနီအောင် မြို့နယ် ဟိန္ဓဝေကျေးရွာ အလိမ်မှာကိုယ့် အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို သြဂုတ် ၃ဝ ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက် တွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလွင်၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေး နှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးဘိုမြင့်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးသိန်းဝင်းတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထိုနောက် မြို့နယ်ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီး မှူးဦးသန်းဦးက စာကြည့်တိုက် ရေရှည် တည်တံ့ရေး ရှင်းလင်းဟော ပြောပြီး စာအုပ်နှင့် အလှူငွေများ လှူဒါန်းပွဲကို ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အငယ် တန်းစာရေးဒေါ်နွယ်ခွယ်ဝင်းက စာအုပ် မျိုးစုံအုပ် ၅ဝ၀၊ မြို့နယ် ကြီးမိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်ဧာ၏က အလှူငွေကျပ် ၅ဝ၀ဝ နှင့်ဒေသခံအလှူရှင်များက စာအုပ်နှင့် အလှူငွေများလှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးသိန်းဝင်းက လက်ခံရယူကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ကျေးရွာ ဩဇာ ကြီးမားသူ ကိုယ်ပိုင်ကုန်စုံဆိုင် ပိတ်ပင်ခံရ

ကျေးရွာ စက်တင်ဘာ ၂

ကျေးရွာတိုင်း စက်မှုလယ်ယာဦးစီး ဌာနက ကျင်းပသော လယ်ယာ-၁၆လက်တွန်း၊ထွန်စက် ပုံစံသစ်စွမ်းရည် သရုပ်ပြသပွဲအခမ်းအနားကို သြဂုတ် ၂၃ရက်က မကွေးမြို့ ခြင်းကင်း ကျေးရွာ ကွင်းအမှတ် ၁၆၅၄၊ ဦးပိုင် ၁၂/၂ တောင်သူ ဦးစိန်မောင်၏ လယ်ကွင်းတွင် ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးမိုးဇော်ဦးက လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းဆောင်ရွက်မှု အခြေအနေ များကို ရှင်းလင်းပြောကြားပြီး မကွေး တိုင်း စက်မှုလယ်ယာ ဦးစီးဌာန ဦးစီးမှူး ဦးကျော်ဝေက လယ်ယာ-၁၆ လက်တွန်း ထွန်စက်အကြောင်း ရှင်းလင်းပြောကြားသည်။

ထိုနောက် လယ်ယာ-၁၆ လက် တွန်းထွန်စက်ပုံစံသစ်များကိုလက်တွေ့ သရုပ်ပြသ ဖောင်းနှင်းကြေကြောင်း သိရ သည်။ **(အောက်ပုံ)(ခရိုင် ပြန်/ဆက်)**

လယ်ယာ-၁၆ လက်တွန်းထွန်စက် ပုံစံသစ် စွမ်းရည်သရုပ်ပြသပွဲ မကွေး၌ကျင်းပ

မကွေး သြဂုတ် ၂၈

နောင်ချို၌ အစွမ်းထက်မြက် တိုင်းရင်းဆေးများဖြင့် ဒေသခံပြည်သူများ ကျန်းမာရေးစောင့်ရှောက် ဆေးဖက်ဝင်အပင်များ အသုံးဝင်ပုံဟောပြော

နောင်ချို သြဂုတ် ၃၁

ရှမ်းပြည်နယ်(မြောက်ပိုင်း)နောင်ချိုမြို့နယ် တိုင်းရင်းဆေးကုသရေးဦးစီးဌာန ခုတိယတိုင်းရင်းဆေးမှူးဦးသစ်လွင်သည် သြဂုတ် ၁၈ရက် နံနက် ၉နာရီက မျက်စြင်းနှဝေကျေးရွာအုပ်စုကိုကွင်းဆင်း၍ အစွမ်းထက်မြက်သည့် တိုင်းရင်းဆေးများဖြင့် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်သည်။ (အောက်ပုံ)



အဆိုပါ ကုသရေးအဖွဲ့သည်သွေး လွန်တုပ်ကွေး ရောဂါ၊ဝမ်းပျက်ဝမ်း လျှောရောဂါ၊ အူရောင်ငန်းဖျား ရောဂါ နှင့် ၄က်ဖျား ရောဂါခံစားနေရသည့် ဒေသခံပြည်သူများအား အခမဲ့ကွင်းဆင်း ကုသပေးရာသို့ ပတ်ဝန်းကျင်ရှိ ကျောက်တောဘား နောင်ချို နမ့်ဆောင်ပူး နှင့် သရက်ကုန်းကျေးရွာများ လာ ရောက် ဆေးကုသမှုခံယူကြသည်။

ထိုနောက် တိုင်းရင်းဆေးမှူးနှင့် အဖွဲ့သည် တိုင်းရင်းဆေးပညာ အကြောင်း သိကောင်းစရာနှင့် လက် လှမ်းမီစွာ အလွယ်တကူရရှိနိုင်သည့် ဆေးဖက်ဝင်အပင်များ အသုံးဝင်ပုံ အကြောင်း ဟောပြောကြသည်။

(မြို့နယ် ပြန်/ဆက်)

အေးမြသာယာပန်းခြံ

စက်တင်ဘာ ၃ရက်က ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အေးမြ သာယာ ပန်းမြိုအတွင်း စည်ပင်သာ ယာရေးအဖွဲ့ ဝန်ထမ်းများ မြေယာ ရှုခင်း အလှပြုပြင်ဆောင်ရွက်ခြင်းကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးစီး အရာရှိ ဦးသီဟထွန်း ကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (၁၅၈)

မိတ္ထီလာ ကလေးထိန်းကျောင်း၌ အာဟာရတိုက်ကျွေး

မိတ္ထီလာ စက်တင်ဘာ ၃

မိတ္ထီလာခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မေသူစိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဖြူဖြူခင်နှင့် အဖွဲ့ဝင်များသည် သြဂုတ် ၂၉ရက် မွန်းလွဲ ၁နာရီက ကိုယ့်အားကိုယ်ကိုး နေ့ကလေးထိန်းကျောင်းရှိ ကလေးငယ် ၆၅ဦးတို့အား ကြက်သားဆန်ပြုတ် အာဟာရ တိုက်ကျွေးကြသည်။ **(အမေါ်ပုံ)**

ထိုနောက် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက နေ့ကလေးထိန်းကျောင်းအတွက် စုစုပေါင်းငွေကျပ် ၃၁၅ဝ၀ တန်ဖိုးရှိ ခြင်ထောင်ကိုးလုံးကို ပေးအပ်လှူဒါန်းကြသည်။ **(ခရိုင်ပြန်/ဆက်)**

စက်အရန်ပစ္စည်းများ ကြည့်ရှုစစ်ဆေး

စက်တင်ဘာ ၅ရက်က စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဝိုလ်ချုပ်ကြီးစိုးဝင်း စက်မှုလုပ်ငန်းရှင်များ လေ့လာနိုင်ရန် အမှတ်(၁)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ခင်းကျင်းစီစဉ် ပြသထားသည့် ဆီခံရော်ဘာ စက်အရန်ပစ္စည်းများ၊ အပူခံရော်ဘာ စက်အရန်ပစ္စည်းများ၊ ပွတ်တိုက်ခံအား ကောင်းရော်ဘာစက်အရန်ပစ္စည်းများ၊ ဖိအားခံရော်ဘာစက်အရန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်း-ရှေ့မုံး)(သတင်းစဉ်)

ဒုတိယပိုလ်ချုပ်ကြီးရဲမြင့် ရန်ပယ်ဆည်ရေသောက်မိုးစပါးစိုက်ခင်းကြည့်ရှု ဆည်ရေဖြင့် မိုးစပါး ၈၇၁၅ ဧက စိုက်ပျိုးရန် သတ်မှတ်လျာထား ဧက ၆၃၆၀ စိုက်ပျိုးပြီးဖြစ်၍ လျာထားဧကပြည့်မီရေးမှာကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်ကာ ကွယ် ရေး ဝန် ကြီး ဌာ နမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဆင်ပေါင်ဝဲဖြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖြို့မိ ဖြို့ဖများအား တွေ့ဆုံ အမှာစကားပြောကြား စဉ်။

(သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၅

မကွေးတိုင်း မကွေးဖြို့ဦးရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက်

စာမျက်နှာ ၃ ကော်လံ ၁ ❐

အာဆီယံချန်ပီယံမြန်မာလူငယ်အသင်းအား သောင်းသောင်းပြပြဂုဏ်ပြုကြိုဆိုကြမည်

ရန်ကုန် စက်တင်ဘာ ၅

၂၀၀၅ခုနှစ် အာဆီယံအသက်(၁၇)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ(AFF U-17 Youth Championship 2005)တွင် အနိုင်ရဖိုလ်စွဲခဲ့သော မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းသည် စက်တင်ဘာ ၆ရက်(**ယနေ့**) မွန်းလွဲ ၁၂နာရီ၁၀မိနစ်၌ ထိုင်းနိုင်ငံ ဗန်ကောက်ဖြို့မှ လေကြောင်းခရီးဖြင့် ရန်ကုန်ဖြို့သို့ ပြန်လည်ရောက်ရှိလာမည်ဖြစ်သည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ■

နိုင်ငံရေးဦးတည်ချက်(၄)ချက်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ချက်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကို လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ရေးကွက်စီးပွားရေးစနစ် ပေါ်ပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ချက်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး